# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၅၂)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး | * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေးလက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည် ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် ရေးနှင့် ပညာရည်မြင့်မားရေး |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ် သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(ဂ/၂၀၀၄)တွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)



# နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့်စည်းလုံးညီညွတ်မှုများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေ စီးပွားရေးလုပ်ငန်းများ အေးအေးချမ်းချမ်း၊လုံလုံခြုံခြုံဆောင်ရွက်နိုင်သည့်အခြေခံကောင်းများရှိ ဈေးကွက်စီးပွားရေး ပီပြင်စွာအကောင်အထည်ဖော်၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍတိုးတက်မြင့်မား ဆီအုန်း၊ရော်ဘာနှင့် ဈေးကွက်ရှိသီးနှံများတိုးချဲ့စိုက်ပျိုးရေး အားပေးဖြည့်ဆည်းပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

**ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ် သီးနှံများစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၈/၂၀၀၄)ကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဟျာသီရိဗိမာန်အစည်းအဝေးခန်းမဆောင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်းမှ တာဝန်ရှိသူများ၊ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆွေးနွေး မှာကြားရာ၌

*စာမျက်နှာ ၆ ကော်လံ ၁* ✡



**ဆွေးနွေးမှာကြား**

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ် သီးနှံများ စိုက်ပျိုး ရေး လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ညှိနှိုင်း အစည်း အဝေး(ဂ/၂၀၀၄) တွင် ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ဂုဏ်ပြုအထိမ်းအမှတ်အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ကို ဂုဏ်ပြု အထိမ်းအမှတ်အဖြစ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမဆောင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၅* ✳

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

# နိုင်ငံတော်၏စေတနာနှင့် ပံ့ပိုးထောက်ကူပေးမှုများအပေါ် အခြေပြု စက်မှုဇုန်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် တီထွင်ကြံဆလုပ်ကိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်ရာ၌ စိုက်ပျိုးရေးကို အခြေခံ၍ အခြားကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စက်မှုကဏ္ဍ၌ ထိရောက်သည့် အကျိုးဖြစ်ထွန်းမှုများ ပိုမိုဖြစ်ပေါ်နေပြီး ရည်မှန်းချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများကို တွေ့မြင်နေရသည်။

စက်မှုကဏ္ဍ၌ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ စုစုပေါင်း တစ်သိန်းခန့်ရှိပြီး နိုင်ငံပိုင်နှင့် သမဝါယမပိုင် ကဏ္ဍထက် ပိုမိုများပြားသည်ကို တွေ့ရသည်။ ယင်းပုဂ္ဂလိက လုပ်ငန်းများ၌ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများသည် အများစုဖြစ်သည်။ အဆိုပါ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ပိုမို၍ အရည်အချင်းအရ တိုးတက်လာစေရန် နိုင်ငံတော်က ပြုစုပျိုးထောင် အားပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုနှစ်မှစ၍ နိုင်ငံတော်၏ စက်မှုကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းညွှန်မှုပြုခဲ့ရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ကော်မတီအဆင့်ဆင့်တို့သည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များနှင့် ဆက်စပ်ညှိနှိုင်းပြီး ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်တိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ အောက်ခြေလုပ်ငန်းခွင်အထိ ကွင်းဆင်းထိတွေ့မှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၅/၂၀၀၄)ကို နိုဝင်ဘာလ ၁၉ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားရာတွင်–

**"စုစုစည်းစည်းရှိနေသော ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အခြေခံပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်း တစ်ခုလုံး တိုးတက်လာအောင် တွန်းတင်ပေးရမှာဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အရည်အချင်းအရ ပေါင်းစည်းလာအောင်၊ ဈေးကွက်ဝင်သည့်ပစ္စည်းများ ထုတ်လုပ်လာနိုင်အောင် ပိုမိုအားပေးသွားရန်ဖြစ်ကြောင်း၊ ယင်းသို့ အားပေးပျိုးထောင်ရာ၌ နိုင်ငံပိုင် စက်မှုလုပ်ငန်းက ဦးဆောင်မှု ပေးသွားနိုင်ရမှာ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

ပုဂ္ဂလိက စက်မှုလုပ်ငန်းများသည် နိုင်ငံတော်တစ်ဝန်း အစုအဖွဲ့အလိုက် ဖြစ်ပေါ်တိုးတက်လျက်ရှိပြီး စက်မှုဇုန်များ၌ စုစည်းထားပြီးဖြစ်သော ပုဂ္ဂလိကစက်ရုံအလုပ်ရုံ စုစုပေါင်း ၈၃၀၀ ကျော် ရှိနေသည်။ စက်မှုဇုန်များသည် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရန်အတွက် စက်မှုသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တစ်ပါတည်းတိုးချဲ့ထူထောင်သွားရန် လိုအပ်သည်။ ဈေးကွက်ဝင် ပစ္စည်းများကို ထုတ်လုပ်နိုင်သည့် သုတေသနလုပ်ငန်းများဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

တစ်ဆက်တည်းတွင် ပြောင်းလဲဖြစ်ပေါ်နေသော လုပ်ငန်းလိုအပ်ချက် အခြေအနေများအရ နိုင်ငံတော်က အားပေးဖော်ဆောင်လျက်ရှိသည့် လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေး၊ ဘတ်စ်ကားနှင့် ထရပ်ကား ထုတ်လုပ်ရေးလုပ်ငန်းများ၌ အဓိကအခြေခံကျသည့် သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်မှုလုပ်ငန်း အဆင့်အတန်း မီလာစေရန်လည်း အလေးထား အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ ယင်းသို့ ဖော်ဆောင်နိုင်ရန် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီးအေးသာယာစက်မှုဇုန်များ၌ ခေတ်မီ သံရည်ကျို ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားစက်ရုံ၊အလုပ်ရုံများ ထူထောင်ရေးကို နိုင်ငံတော်က အားပေးကူညီလျက်ရှိသည်။

ခေတ်မီ စက်ရုံအလုပ်ရုံများသည် ဈေးကွက်ဝင် စက်ပစ္စည်းများ ပုံမှန်ထုတ်လုပ်ရေးနှင့် လိုအပ်သော ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေးတို့ကို အထူးအလေးထား ဆက်စပ်လုပ်ကိုင်နိုင်ရန် အရေးကြီးသည်။ ထို့ကြောင့် စက်မှုဇုန်များ စုဖွဲ့လုပ်ကိုင်ခြင်း၊ ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ စုဆောင်းခြင်း၊ အရင်းအနှီး စုဆောင်းခြင်းများကို အလေးထားသုံးသပ် လုပ်ကိုင်သွားကြရန် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏စေတနာ၊ နိုင်ငံတော်၏ပံ့ပိုးထောက်ကူအားပေးမှုများအပေါ် အခြေပြုပြီး စက်မှုဇုန်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ ညီညီညွတ်ညွတ် စုစုစည်းစည်း တီထွင်ကြံဆလုပ်ကိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၁–၁၁–၂၀၀၄**
**(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"စိတ္တာနုပဿနာ သတိပဋ္ဌာန်"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Mountains & Rivers of Economic Activity (တတိယနှစ်၊ပထဝီဝင်)
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"** (အပိုင်း–၄)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မြန်မာ့ရှုခင်း
၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၈။ °English Premier °League ဘောလုံးပွဲ Blackburn Rovers Vs Birmingham City

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက် ၇လမ်း သံဃာ့ဒါန ဆွမ်းလောင်း ဓမ္မာရုံမိသားစု၏ ဆွမ်းသိမ်းပွဲအဖြစ် နိုင်ငံတော်ပရိယတ္တိ တက္ကသိုလ်ကျောင်းတော်ကြီးသို့ ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ရက်က မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ဆွမ်းလောင်းဓမ္မာရုံ မိသားစုက နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကျောင်းတော်ကြီးသို့ ဆွမ်းပဒေသာပင် ခုနစ်သိန်းပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဆွမ်း၊ ကွမ်း ဌာန ဒုတိယဦးစီးမှူး ဦးစိုးမင်းဦးက လက်ခံရယူစဉ်။ (က–ပ)

## သစ္စာဒီပက ကျောင်းတိုက် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်မြို့ သစ္စာဒီပက ဓမ္မရိပ်သာ၏ (၅၉)ကြိမ်မြောက် ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားစခန်းပွဲကို မြတ်စွာဘုရား၏ မဇ္ဈိမပဋိပဒါကျင့်စဉ်မှန်ဖြင့် ကမ္မဋ္ဌာနာ စရိယ ဆရာကြီး ဦးကြည်၏ ဥပနိဿယ အတိုင်း ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ် အမှတ် ၆ ဝိုင်း မြင်သာ (၁၅) ရပ်ကွက် ၁ လမ်းရှိသစ္စာဒီပက ဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဣန္ဒောဘာသက ဒီဇင်ဘာ ၁ရက်မှ ၇ရက်အထိ ခုနစ်ရက်တိုင်တိုင် သစ္စာဒီပက ဝိပဿနာကျောင်းတိုက်ကြီးတွင် ဟောကြားပြသမည်ဖြစ်ရာ နိုဝင်ဘာ ၃၀ ရက် ညနေ ၅နာရီအရောက်ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် နှစ်ဖက်မိဘများဖြစ်သော ဦးသန်းမောင်–ဒေါ်အုန်းတင်၊ဦးကျင်လှိုင်–ဒေါ်ဖွားစိန်တို့ကို အမှူးထား၍ ဦးနေဝင်းသန်း–ဒေါ်မြအေး မိသားစု မင်းလမ်း(၂) ရပ်ကွက် ခရမ်းမြို့မှ အလှူငွေကျပ် တစ်သိန်းကို ဦးမျိုးခင်နှင့် အတွင်းရေးမှူး ဦးစိုးမြတ်အောင် တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)



# အောင်မြင်မှုများရရှိခဲ့သော တရုတ်ပြည် နန်နင်းမြို့ ချစ်ကြည်ရေးခရီးစဉ်

ဦးဇော်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ နိုဝင်ဘာလ ၃ ရက်နေ့တွင်ကျင်းပခဲ့သော တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲနှင့် တရုတ်–အာဆီယံ ပထမအကြိမ် ကုန်စည်ပြပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသတွင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ရန် သွားရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံနှင့်လည်း အစဉ်အလာ ရင်းနှီးချစ်ကြည်မှုကို ခိုင်မြဲစွာ ထူထောင်ထားသော ဆွေမျိုးပေါက်ဖော်နိုင်ငံ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် အမျိုးသားစီမံကိန်းနှင့်

နန်နင်းမြို့တော်သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်နှင့် ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ဇနီး၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဒုတိယ ဝန်ကြီးချုပ်များ၊ ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ရောက်ရှိနေကြသည်။ ထို့ပြင် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်ပေါင်း ၁၈၀၀၀ ကျော်ပါ ရောက်ရှိလျက်ရှိသည်။




**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ကျင်းပသော တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားစဉ်။** (ဓာတ်ပုံ–သတင်းစဉ်)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်ခဲ့သည်။

တရုတ်–အာဆီယံ ကုန်စည်ပြပွဲ–၂၀၀၄ သည် တရုတ်ခေါင်းဆောင်များနှင့် အာဆီယံခေါင်းဆောင်များ၏ ၂၀၀၃ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီအစည်းအဝေးမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ တရုတ်–အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ(CAFTA)ထူထောင်ရေးအတွက် အထောက်အကူပြုစေရန်၊ ဒေသကြီး

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ခေါင်းဆောင်အသီးသီးနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံချင်း ဆက်ဆံရေးများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံများအကြား နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်း အပြန်အလှန်နားလည်မှုရှိရှိ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာ အကျိုးရှိရှိ ဆွေးနွေးဖလှယ်နိုင်ခဲ့။**

နှစ်ခုအကြား ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့် ပေးနိုင်မည့် ကုန်စည်ပြပွဲကို နှစ်စဉ်နှစ်တိုင်း တရုတ်ပြည် နန်နင်းမြို့၌ကျင်းပရန် ဖြစ်သည်။

ပထမအကြိမ် ကုန်စည်ပြပွဲကို နိုဝင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်း၌ ကြီးကျယ်ခမ်းနားသော ခေတ်မီအစီအစဉ်များဖြင့် ဖွင့်လှစ်ပြီးနောက် ညနေပိုင်းတွင် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကိုလည်း ဆက်လက်ကျင်းပခဲ့သည်။ တရုတ်–အာဆီယံ လွတ်လပ်သော ကုန်သွယ်မှု ဒေသထူထောင်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်နားလည်မှုရှိရေး၊ အပြန်အလှန် ရင်းနှီးမြှုပ်နှံရေး၊ အပြန်အလှန် အသိပညာဖလှယ်ရေးတို့အတွက် ထိပ်သီးဆွေးနွေးပွဲကို ကျင်းပလိုက်ခြင်းပင် ဖြစ်သည်။ ကုန်စည်ပြပွဲနှင့်အတူ ယခုကဲ့သို့ စီးပွားရေးဆိုင်ရာ အမြင်ချင်းဖလှယ်သည့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းသည် အာဆီယံဒေသနှင့် တရုတ်ပြည်အကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုပြည့်စုံစွာ ဖော်ညွှန်းနိုင်သည်။

ကုန်စည်ပြပွဲနှင့် အစည်းအဝေးကျင်းပရာ ဤနန်နင်းမြို့တော်သည် ကွမ်စီးကျွမ်းဒေသ၏ မြို့တော်၊ တရုတ်ပြည်၏ အစိမ်းရောင်မြို့တော် (Green City of China)ဖြစ်သည်။ လူဦးရေ ခြောက်သန်းကျော်ရှိသည့် မြို့ဖြစ်သည်။ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသသည် တရုတ်ပြည်၏ တောင်ပိုင်း၊ ဗီယက်နမ်မြောက်ပိုင်းနှင့် ဆက်စပ်နေသော လူဦးရေ ၄၈ သန်းကျော်ရှိသည့် ဒေသဖြစ်ပြီး တိုင်းရင်းသားလူမျိုးစု ၁၂ စု စုပေါင်းနေထိုင်လျက်ရှိသည်။ ကွမ်စီးကျွမ်းဒေသ၌ နန်နင်းမြို့အပါအဝင် မြို့ပေါင်း ၁၄ မြို့ရှိသည်။

တရုတ် အရှေ့တောင်ဒေသ တရုတ်တောင်ပိုင်းနှင့် အာဆီယံဒေသတို့ စုစည်းပေါင်းဆုံရာ ဒေသဖြစ်သည့်အတွက် ဒေသ၏အခြေအနေမှာ အချက်အချာကျပြီး စီးပွားကူးသန်းမှု ကောင်းမွန်သည်။ ကွမ်စီးကျွမ်းဒေသပါတီ အထွေထွေအတွင်းရေးမှူး Mr. Cao Bochun က နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို လာရောက်နှုတ်ဆက်ဂါဝရပြုစဉ် **"တရုတ်–အာဆီယံ ကုန်စည်ပြပွဲကို ဝန်ကြီးချုပ်ကိုယ်တိုင် ကြွရောက်ချီးမြှင့်သည့်အတွက် မိမိတို့များစွာဂုဏ်ယူပါကြောင်း၊ မိမိတို့ဒေသသည် တရုတ်–အာဆီယံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်၌ ရှေ့တန်းမှပါဝင်ရမည့် ဒေသအဖြစ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့ဒေသ၏ စီးပွားရေးတိုးတက်မှုအနေအထားမှာ တရုတ်ပြည်တစ်ပြည်လုံး၌ အလယ်အလတ်အဆင့်၌ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေး အရေးရော လူမှုရေးကဏ္ဍများ၌ပါ ပူးပေါင်းဆောင်ရွက်လိုကြောင်း"** ဖြင့် ရှင်းလင်းပြောကြားသည်။

**ကွမ်စီးကျွမ်းဒေသကို အတိုကောက်အားဖြင့် 'ကွေ့'ဒေသ၊ တန်ဖိုးရှိသော ဒေသဟု ခေါ်ဆိုသည်**ဟု မှတ်သားရသည်။ သစ်တောသယံဇာတ၊ ရေ၊ မြေ သယံဇာတပေါများသကဲ့သို့ အလူမီနီယံထုတ်လုပ်မှုနှင့် ဘိလပ်မြေထုတ်လုပ်မှုတို့၌ ရှေ့တန်းမှာရှိသည်။ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်အားမှာလည်း တရုတ်ပြည်၏ နာမည်ကြီး Three Gorges စီမံကိန်းကြီးပြီးလျှင် ဒုတိယလိုက်နိုင်သည့် အနေအထားရှိသဖြင့် ယူနန်ပြည်နယ်ထက်ပင် စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကောင်းသည်။ ပင်လယ်ရေကြောင်းထွက်ပေါက်လည်း ရှိသဖြင့် ကုန်စည်ပို့ဆောင်မှု ပိုမိုအဆင်ပြေသည်။

နန်နင်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသော ဒေသတစ်ခု၏ မြို့တော်တစ်ခုဟု သိရှိနေသဖြင့် မူလက အထင်မကြီးခဲ့သည်မှာ အမှန်ဖြစ်သည်။ လက်တွေ့ရောက်သွားသည့်အခါမှသာ နန်နင်းမြို့၏ မြို့ပြစီမံကိန်းပုံဖော်ထားမှု၊ သန့်ရှင်းသပ်ရပ်မှု၊ စိမ်းလန်းစိုပြည်မှု၊ ပန်းခင်းပန်းခြံများ၏ စိမ်းစိုလှပမှု၊ လမ်းအလယ်ကျွန်းများပေါ်၌ မြက်ခင်းနှင့် ပန်းပင်များ လှပအောင် အကွက်ဖော်ထားသည်မှာပင် အံ့မခန်းဖြစ်သည်။ ဘိလပ်မြေပေါသည့်အလျောက် လမ်းတွေမှာလည်း ကွန်ကရစ်လမ်းများ ဖြစ်နေသည်။ တရုတ်ပြည်၏ အစိမ်းရောင်မြို့တော်၊ တရုတ်ပြည်၏ အသန့်ရှင်းဆုံးမြို့တော်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အကောင်းဆုံးမြို့တော် စသည့် ဆုတံဆိပ်များစွာ ရထားပြန်သည်။ မြို့တော်၏အလယ်၌ တည်ရှိသော နန်ဟူရေကန်၊ မြို့တော်အတွင်း ဖြတ်၍ စီးဆင်းနေသော ယုံကျီအန်မြစ်နှင့် မြို့တော်အနီး တည်ရှိသော ကျွမ်းရှို့တောင်တို့၏ သဘာဝအလှကိုအခြေခံ၍ မြို့ပြစီမံကိန်းကို ပုံဖော်ထားသည်မှာ အတုယူဖွယ်ရာ ဖြစ်သည်။ မြို့တော်သူမြို့တော်သားများကလည်း ၎င်းတို့၏ မြို့ကို ရေကန်တစ်ကန်၊ မြစ်တစ်စင်း၊ တောင်တစ်တောင်ဖြင့် အလှဖွဲ့ထားသည်ကို ဂုဏ်ယူလျက် ရှိကြသည်။ တကယ်တော့ နန်ဟူရေကန်မှာ ရန်ကုန်မြို့တော်မှ ကန်တော်ကြီးနှင့် အင်းလျားကန်တို့၏ သဘာဝအနေအထား၊ အရွယ်အစားကို မီသည်တော့ မဟုတ်ပါ။ အကွက်ကျ လှပသန့်ရှင်းအောင် ပုံဖော်ထားနိုင်ခြင်းသာ ဖြစ်သည်။

ထိုလှပသန့်ရှင်းသော မြို့တော်၌ ယခုကဲ့သို့ များပြားလှသည့် နိုင်ငံတကာကိုယ်စားလှယ်များတက်ရောက်သည့် အခမ်းအနားမျိုးကို စနစ်တကျ၊ စည်းကမ်းတကျ လစ်ဟင်းမှုမရှိရအောင် ကျင်းပနိုင်ခြင်းသည် ကွေ့ဒေသအတွက်သာမက တရုတ်ပြည်တစ်ပြည်လုံးအတွက် ဂုဏ်ယူစရာဖြစ်သည်။ မြို့တော်ရှိ ဟိုတယ်အားလုံး ဧည့်သည်များဖြင့် ပြည့်သွားသည်ဟုဆိုသော်လည်း ကုန်စည်ပြပွဲမှာရော၊ အခြားအခမ်းအနားများမှာပါ ဧည့်သည်တော်များနှင့် အိမ်ရှင် တရုတ်ပြည်သူ သုံးသိန်းကျော်သည် သူ့နေရာနှင့်သူ စနစ်ကျစွာ နေရာယူကြသည်။ အခမ်းအနား အစီအစဉ်အတိုင်း လိုက်နာကြသည်။ သွားလာရာမှာလည်း စည်းကမ်းရှိသည်။ အခမ်းအနားမှူးများကလည်း တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်ဘာသာဖြင့် ပြောဆိုကြေညာရာ၌ ပီပြင်လှသည်။ အသံထွက် ပီသသကဲ့သို့ အခမ်းအနား

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Li Yuan International Convention and Exhibition Centre ၌ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပသည့် ပထမအကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ – ၂၀၀၄ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။** (ဓာတ်ပုံ–သတင်းစဉ်)



## ပေကျင်း နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး နှစ်အလိုက် ၄၃ ရာခိုင်နှုန်းကျော်တိုးတက်

ပေကျင်း နိုဝင်ဘာ ၁၉

**ပေကျင်းစီးပွားရေးလုပ်ငန်း၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ပထမဆယ်လတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁၈ ဘီလီယံရှိပြီး နှစ်အလိုက် ၄၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ပေကျင်း မောနင်းပို့စ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။**

၂၀၀၄ ခုနှစ်အတွက် နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးကို စောစီးစွာ ရည်မှန်းထားမှု သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈ ဘီလီယံသည် သတ်မှတ်ချိန်ထက် နှစ်လစော၍ ရရှိကြောင်း ပေကျင်း အကောက်ခွန်ကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။

**ထိန်းထား**

ပထမဆယ်လတွင် လျင်မြန်စွာ ကြီးထွားလာသော အဆင့်မြင့် နည်းပညာထုတ်လုပ်တင်ပို့မှုကို ထိန်းထားခဲ့ပြီး အလေးထားသည့် ခရီးဆောင်ဖုန်း တင်ပို့မှုတန်ဖိုးသည် ယွမ် ၁ ဒသမ ၅၂ ဘီလီယံရှိကာ ၅၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သတင်းစာက ဖော်ပြသည်။

**သုံးဆ**

ထို့ပြင် ပထမဆယ်လတွင် ရေနံထုတ်လုပ်တင်ပို့မှုသည် သုံးဆရှိပြီး တင်သွင်းမှုတန်ဖိုးသည် စုစုပေါင်းယွမ် ၂၇၃ သန်းရှိကြောင်း သတင်းစာက ဖော်ပြသည်။ အာရှသည် ပေကျင်း စီးပွားရေးလုပ်ငန်း၏ တင်ပို့မှုအတွက် ထိပ်တန်းဈေးကွက် ဖြစ်နေဆဲရှိကြောင်း အကောက်ခွန်ကိန်းဂဏန်းများကလည်း ဖော်ပြသည်။

**အဓိက**

ပေကျင်း၏ ဖက်စပ်လုပ်ငန်းများသည် ပေကျင်းတင်ပို့မှု၏ အဓိကအကြောင်းရင်းများ ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



## ကမ္ဘောဒီးယား၏ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ သိသိသာသာတိုးတက်

ဖနောင်ပင် နိုဝင်ဘာ ၁၉

**ယခုနှစ်တွင် ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(စီဒီစီ)၌ မှတ်ပုံတင်ထားသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအရေအတွက်သည် ၂၀၀၃ ခုနှစ် အဆိုပါကာလကထက်နှိုင်းစာလျှင် သိသိသာသာတိုးတက်ခဲ့သော်လည်း အဆိုပါစီမံကိန်းများထဲမှ မြေ၊ အဆောက်အအုံစသည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းစုစုပေါင်းစီမံကိန်းများသည် အနည်းငယ်လျော့နည်းကျဆင်းခဲ့ကြောင်း ဒေသခံသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။**

ဇန်နဝါရီလမှ အောက်တိုဘာလအထိ မြေ၊ အဆောက်အအုံစသည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများတွင် အေဂျင်စီသည် အမေရိကန်ဒေါ်လာ ၂၀၆ ဒသမ ၄ သန်းတန်ဖိုးရှိ စီမံကိန်း ၄၈ ခုကို အတည်ပြုခဲ့ကြောင်း စီဒီစီ၏ ကိန်းဂဏန်းများကို ကိုးကား၍ သည်ကမ္ဘောဒီးယား ဒေးလီးသတင်းစာက ဖော်ပြသည်။

**အတည်ပြု**

လွန်ခဲ့သည့်နှစ် ယင်းကာလအတွင်း စီဒီစီသည် မြေ၊ အဆောက်အအုံစသည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းတွင် စုစုပေါင်းဒေါ်လာ ၂၁၉ ဒသမ ၄ သန်းတန်ဖိုးရှိ ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၇ ခုသာလျှင် အတည်ပြုခဲ့ကြောင်း စီဒီစီကိန်းဂဏန်းများက ဖော်ပြသည်။

**အမြတ်အစွန်း**

အမှန်တကယ် အမြတ်အစွန်းရရှိမှုမှာ ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများကြောင့် ဖြစ်သည်။

**နုတ်ထွက်**

ယခင်က ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံသူများသည် ကြီးမားသည့် လုပ်ငန်းများကို စွန့်စားဆောင်ရွက်ရန် ချီတုံချတုံဖြစ်ခဲ့ကြပြီး ယေဘုယျအားဖြင့် ဖက်စပ်လုပ်ငန်းများရှိ သေးငယ်သော အစုရှယ်ယာများသို့ နုတ်ထွက်ခဲ့ကြကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ စီဒီစီ ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူး ချီယာဗူတေးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ကားထုတ်လုပ်ရန်သံမဏိပြား

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ ဆိပ်ကမ်းသို့ ကားထုတ်လုပ်ရန်အတွက် ရှန်ဟိုင်းမှ ထုတ်လုပ်သည့် သံမဏိပြားလိပ်များ ရောက်ရှိလာသည်ကို နိုဝင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

**တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့တော်၌ အယ်ဂျီအီလက်ထရွန်နစ်ကုမ္ပဏီမှ ထုတ်လုပ်သည့် ဒီဂျစ်တယ်မိုဘိုင်းလ်ဖုန်းများ ခင်းကျင်းပြသထားသည်ကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ကာရစ်ဘီယံဒေသနှင့်ပိုမိုနီးကပ်စွာပူးပေါင်းနိုင်မည့် အခွင့်အလမ်းများ ပေါ်ထွက်လာမှုကိုအလေးထားကြောင်း တရုတ် ဒုတိယသမ္မတပြောကြား

ပေကျင်း နိုဝင်ဘာ ၁၉

**တရုတ်နိုင်ငံ၏ ဒုတိယသမ္မတ ဇွန်ချီဟွန်းသည် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသော အန်တီဂါနှင့်ဘာဘူဒါဝန်ကြီးချုပ်ကို တွေ့ဆုံပြီး နှစ်နိုင်ငံဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။**

ယင်းသို့တွေ့ဆုံရာတွင် တရုတ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့်လူ့အရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များတွင် အန်တီဂါနှင့် ဘာဘူဒါနိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုလားကြောင်း ကာရစ်ဘီယံဒေသတစ်ခုလုံးနှင့် ပိုမိုနီးကပ်စွာ လုပ်ဆောင်နိုင်မည့်အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာမှုကို အလေးထားလိုကြောင်း ဒုတိယသမ္မတ ဇွန်ချီဟွန်းက ပြောကြားခဲ့သည်။

ဘာဘူဒါဝန်ကြီးချုပ်ကလည်း တရုတ်နိုင်ငံ၏မူဝါဒကို ထောက်ခံကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကာရစ်ဘီယံဒေသနှင့် အပြန်အလှန် ဆက်လက်ကူညီရန် မျှော်လင့်ကြောင်း ပြောကြားသည်။ တရုတ်နိုင်ငံနှင့် ကာရစ်ဘီယံဒေသတို့၏ ကုန်သွယ်ရေးပူးပေါင်းမှု ဝန်ကြီးအဆင့် ဆွေးနွေးပွဲကို လာမည့်ဖေဖော်ဝါရီလ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ကာရစ်ဘီယံနိုင်ငံများမှ ဝန်ကြီးချုပ်အနေနှင့် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးလာရောက်ခြင်းသည် ပထမအကြိမ်ဖြစ်ကြောင်း သိရသည်။ ဘာဘူဒါဝန်ကြီးချုပ်သည် ရှန်ဟိုင်းမြို့သို့ ဆက်လက် သွားရောက်လည်ပတ်မည်ဖြစ်သည်။ **(စီစီတီဗွီ)**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

## ကျိုင်းကောင်များအန္တရာယ် အီဂျစ်နိုင်ငံ၌ မကျရောက်နိုင်

ကိုင်ရို နိုဝင်ဘာ ၁၈

**အီဂျစ်နိုင်ငံတွင် ဆောင်းရာသီနှင့် နွေဦးရာသီ၌ ကျိုင်းကောင်အုပ်များ ကျရောက်မည့်အန္တရာယ်ကို မတွေ့ရှိရကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)မှ ဗုဒ္ဓဟူးနေ့က ပြောကြားသည်။**

(အက်ဖ်အေအို)၏ ကျိုင်းကောင်များ နှိမ်နင်းရေးအဖွဲ့၏ အဆိုအရ ဆာဟာရသဲကန္တာရမှ လာသော အနောက်တောင်လေသည် အီဂျစ်တွင် ကျရောက်နိုင်သော ကျိုင်းကောင်များကို သယ်ဆောင်သွားခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီဂျစ်တွင် ကျိုင်းကောင်များကြောင့် လူသားများအတွက် ထိခိုက်နစ်နာမှုနှင့် စိုက်ပျိုးသီးနှံစိုက်ခင်းများ ပျက်စီးမှုမရှိနိုင်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

ကျိုင်းကောင်များသည် အီဂျစ်နိုင်ငံအား ဖြတ်ကျော်သွားရုံသာ ဖြတ်သွားမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံစိုက်ခင်းများ ပျက်စီးမှုမရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ကျိုင်းကောင်များသည် ပြင်းထန်သော လေအဟုန်ဖြင့် မြောက်အာဖရိကမှ ဆိုက်ပရပ်သို့လွင့်ပါသွားကြသည်။ ထို့ကြောင့် ဆော်ဒီနှင့် ဆူဒန်နိုင်ငံ အာဏာပိုင်များကလည်း ၎င်းတို့၏နိုင်ငံတွင် ကျိုင်းကောင်များ ကျရောက်မည့်အန္တရာယ်ကို ကာကွယ်ကြရန် သတိပေး နှိုးဆော်ထားကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အပူပိုင်းဆိုက်ကလုန်းမုန်တိုင်းများနှင့်အပူလှိုင်းများ ယခုရာစုနှစ်ကုန်ပိုင်း၌ ပိုမိုဖြစ်ပေါ်လာနိုင်

စင်ကာပူ နိုဝင်ဘာ ၂၀

**ယခုရာစု နှစ်ကုန်ပိုင်းတွင် အာရှတိုက်၌ ဆိုးရွားပြင်းထန်သော အပူပိုင်းဆိုက်ကလုန်းမုန်တိုင်းများ၊ အပူလှိုင်းများနှင့် မိုးရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း ရာသီဥတု ကျွမ်းကျင်ပညာရှင်တစ်ဦးက သောကြာနေ့၌ ပြောကြားလိုက်သည်။**

အာရှအဓိကမြို့ကြီးများ၏ ပျမ်းမျှအပူချိန်သည် ရာစုနှစ်ကုန်ပိုင်း၌ ၃ဆယ်လ်စီယပ်စ်ဒီဂရီမှ ၁၀ဆယ်လ်စီယပ်စ်ဒီဂရီထိ မြင့်တက်နိုင်ပြီး ကျေးလက် ဒေသများ၌ ကာလကြာရှည်စွာ မိုးခေါင်မှုနှင့် ရေကြီးမှုဖြစ်နိုင်ကြောင်း ရာသီဥတုခန့်မှန်းတွက်ဆမှုနှင့် သုတေသနဆိုင်ရာ ယူကေမက်ရုံး၏ ဟက်ဒလီဌာန ညွှန်ကြားရေးမှူးဒေးဗစ်ဂရစ်က ပြောကြားသည်။

**ပိုမိုလာဖွယ်**

ထို့ပြင် အပူလှိုင်းများ ပူနွေးသော ညများ ပိုဖြစ်ပေါ်လာမည်ဟု မျှော်လင့်ရကြောင်း ကုန်းတွင်းဒေသများသည် ကမ္ဘာ့ပျမ်းမျှ ပူနွေးမှုထက် ပိုမိုပူနွေးလာဖွယ်ရှိကြောင်း အာရှတိုက်၏ ကုမ္ပဏီကြီး အချို့၏ အမှုဆောင်အရာရှိများ ပါဝင်သော အာရှစီးပွားရေးလုပ်ငန်းကောင်စီနှင့် ဆွေးနွေးအပြီး၌ ၎င်းကပြောကြားသည်။

**အလားအလာ**

ပင်လယ်ရေမျက်နှာပြင်မှာလည်း ၉စင်တီမီတာနှင့် ၈၈စင်တီမီတာကြား (၃ဒသမ၅မှ ၃၄ဒသမ၆လက်မထိ) မြင့်တက်လာမည်ဖြစ်ရာ ရေကြီးမှုများနှင့် မိုးခေါင်မှုများ ပိုဖြစ်လာဖို့ အလားအလာရှိကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

## ဘရာဇီးနှင့် ဗီယက်နမ် ကုန်သွယ်ရေး တိုးမြှင့်သွားမည်

**ဘရာစီလီယာ နိုဝင်ဘာ ၁၈**

ဗီယက်နမ်နှင့် ဘရာဇီးနိုင်ငံတို့ ကုန်သွယ်ရေးဆက်ဆံမှုများတိုးမြှင့်စေရန် ဗီယက်နမ်သမ္မတ ထရန်ဒတ်လောင်သည် ဆောပိုလိုအုပ်ချုပ်ရေးမှူး ဂျာရယ်ဒိုအလက်ခ်မင်နှင့် အင်္ဂါနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆောပိုလိုထွက်ကုန်များ အရှေ့တောင်အာရှဒေသသို့ ရောက်ရှိစေရန်အတွက် ဗီယက်နမ်နိုင်ငံသည် စင်္ကြံတစ်ခုဖြစ် ဆောင်ရွက်ပေးနိုင်ကြောင်း အလက်ခ်မင်က သမ္မတလောင်နှင့် အစည်းအဝေးလုပ်အပြီးတွင် သတင်းထောက်များကို ပြောကြားသည်။

ဗီယက်နမ်ခေါင်းဆောင်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ဆောပိုလို သကြားနှင့် အရက်အပြင် စက္ကူနှင့် ပျော့ဖတ်လုပ်ငန်းများကို စိတ်ဝင်စားမှုပြခဲ့ကြသည်။

ထို့ပြင် သမ္မတလောင်သည် ဆောပိုလို၌ ဘရာဇီး၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းဖိုရမ်ကို ဖွင့်ပေးခဲ့ပြီး အမ်ဘရာအာလေယာဉ် ထုတ်လုပ်ရေးကို သွားရောက် လေ့လာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



## ဖလူးဂျာ အနောက်တောင်ပိုင်း၌ တိုက်ပွဲများဆက်လက်ဖြစ်ပွား

## အမေရိကန် မရိန်းတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၉

**အီရတ်နိုင်ငံတွင် ဖလူးဂျာစစ်ဆင်ရေးပြီးဆုံးပြီဟု ကြေညာခဲ့သော်လည်း မြို့၏အနောက်တောင်ပိုင်း၌ တိုက်ခိုက်မှုများ ဖြစ်ပွားနေဆဲ ဖြစ်သည်။**

မြို့တွင်းရှိ အဆောက်အအုံတစ်ခုထဲသို့ ဝင်ရောက်ရာတွင် ပေါက်ကွဲမှုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ပြီး လက်နက်ကိုင် တိုက်ခိုက်ရေးသမား ၁၂၀၀ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

### တွေ့ရှိ

လက်နက်ကိုင်များအား တစ်အိမ်တက်တစ်အိမ်ဆင်း ရှာဖွေရာမှ ရွှေဝါရောင်ဆံပင်ရှိသည့် အမျိုးသမီးတစ်ဦး၏အလောင်းကို တွေ့ရှိခဲ့ပြီး ပြန်ပေးသမားများက ဓားစာခံများအား ဖမ်းဆီးထားရန်နှင့် သတ်ဖြတ်ရန် အသုံးပြုသော အိမ်အချို့ကိုလည်း အလောင်းနှစ်လောင်းနှင့် အတူ တွေ့ရှိခဲ့သည်။

ယမန်နေ့က မြို့တွင်းသို့ ထောက်ပံ့ရေး အကူအညီများ ရောက်ရှိခဲ့ပြီဟုဆိုသော်လည်း အရပ်သားများ သေဆုံးမှုဦးရေကို အတိအကျ မသိရှိရသေးဘဲရှိသည်။ ဤအတောအတွင်း အီရတ်မြို့များတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့တွင် အီရတ်တစ်ဦး သတ်ဖြတ်ခြင်းခံခဲ့ရကြောင်းနှင့် ရေနံ စခန်းတစ်ခု မီးရှို့ခံခဲ့ရကြောင်း သိရသည်။

### ဖြစ်ပွား

ဓာကာဝီအုပ်စုက အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများ ပိုမိုတိုးမြင့်သွားမည်ဖြစ်ကြောင်း သတိပေးထားခဲ့ပြီး လူဦးရေ တစ်သန်းခန့် နေထိုင်သည့် မိုဆူးလ်မြို့ကို ထိန်းချုပ်ရန်ကြိုးစားနေကြောင်း သိရသည်။ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်ဟု သိရသည်။ **(စီအက်ဖ်အိုင်)**

## ဓာတ်ငွေ့ ပိုက်လိုင်းမီးလောင်

**ကယ်ကွတ်မြို့ အနောက်တောင်ဘက်ရှိ ဓာတ်ငွေ့ ပိုက်လိုင်းတစ်ခု မီးလောင်နေသည်ကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## နိုဝင်ဘာ ၁၉ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၂၁၇ ဦးရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၀

**အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။**

### သေဆုံး

နိုဝင်ဘာ ၁၉ ရက် သောကြာနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၁၇ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက်၉၄၆ဦးမှာ တိုက်ပွဲ၌သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

### ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၇၉ ဦးဖြစ်ပြီး ယင်းအနက် ၈၃၇ ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

## ဒဏ်ရာရနေသော လက်နက်မဲ့ အီရတ်လေးဦးအား ပစ်သတ်မှု ကန် တပ်ဖွဲ့ဝင်လေးဦးအား စစ်ဘက်စုံစမ်းစစ်ဆေးမှုများပြုလုပ်

ဖလူးဂျာ နိုဝင်ဘာ ၂၀

**ဖလူးဂျာမြို့ အဆောက်အအုံတစ်ခုအတွင်း၌ လက်နက်မဲ့ပြီး ဒဏ်ရာရရှိထားသော အီရတ်လူမျိုး လေးဦးထက်မနည်းကို သေနတ်နှင့်ပစ်ခတ်၍ သေဆုံးခဲ့ရမှုတစ်ရပ် ပြီးခဲ့သော စနေနေ့က ဖြစ်ပွားခဲ့သည်။**

### ရိုက်ကူးထား

**ယင်းသို့ ပစ်ခတ်သတ်ဖြတ်ခဲ့သူများမှာ အဆောက်အဦးအတွင်း ရောက်ရှိလာကြသော အမေရိကန် မရိန်းတပ်ဖွဲ့များဖြစ်ကြောင်း ၎င်းတို့၏နောက်မှ လိုက်ပါလာသည့် အမေရိကန် သတင်းထောက်တစ်ဦး၏ ရိုက်ကူးယူထားသော ဗီဒီယိုရုပ်ပုံအရ သိရှိရသည်။**

**၎င်းအီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ယင်းနေ့မတိုင်မီကတည်းက ဒဏ်ရာရရှိထားသူများဖြစ်ပြီး လက်နက်လည်း ကိုင်ဆောင်ထားခြင်းမရှိကြောင်း သေလုမျောပါးဖြစ်နေချိန်တွင် ထပ်မံပစ်ခတ်သတ်ဖြတ်ခံလိုက်ရခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အမေရိကန် စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။**

**ယခုကဲ့သို့ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဆိုသည်မှာ ထင်ရှားကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောကြားလိုက်သည်။ ဒဏ်ရာရရှိထားသူ အီရတ်လေးဦး သတ်ဖြတ်ခံရမှုတွင် ပတ်သက်နေသော အမေရိကန်မရိန်းတပ်ဖွဲ့များကို စုံစမ်းစစ်ဆေးရမည်ဖြစ်ပြီး အထောက်အထား ခိုင်မာပါက လက်နက်မဲ့ရန်သူ တိုက်ခိုက်ရေးသမားများအား ပစ်သတ်မှုဖြင့် အဆိုပါတပ်ဖွဲ့ဝင်များကို တရားစွဲဆိုမည် ဖြစ်သည်။ ယခုသီတင်းပတ်အတွင်း၌ပင် ဆာဒါစီးတီးတွင် အီရတ်လူမျိုးတစ်ဦးကို ကြိုတင်ကြံစည်မှုဖြင့် အမေရိကန်ဒုတိယဗိုလ်တစ်ဦးအား တရားစွဲဆိုခဲ့သည်။** (စီအင်န်အင်န်)

## လုံခြုံရေးဆောင်ရွက်

**ဖလူးဂျာမြို့တွင် ပျက်စီးနေသော အဆောက်အအုံတစ်ခုအနီး စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၁၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## အယ်လ်ဂျီးရီးယား သင်္ဘောသားများ သင်္ဘောနစ်မြုပ်ရာ၌ ပျောက်ဆုံးလျက်ရှိ

**အယ်လ်ဂျီးရပ်စ် နိုဝင်ဘာ ၁၅**

အယ်လ်ဂျီးရပ်စ် ဆိပ်ကမ်းအနီး၌ မုန်တိုင်းများတိုက်ခတ်ခဲ့ပြီးနောက် တနင်္ဂနွေနေ့က သင်္ဘောသား ၂၀ဦး ပျောက်ဆုံးနေကြောင်း အယ်လ်ဂျီးရီးယား ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ အယ်လ်ဂျီးရီးယား ကုန်တင်သင်္ဘောတစ်စင်းမှ သင်္ဘောသားနှစ်ဦး၏ ရုပ်အလောင်းကို မိမိတို့ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းသင်္ဘောသည် စနေနေ့ညက နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအနီး၌ တူရကီသင်္ဘောမှ သင်္ဘောသားတစ်ဦးလည်း တွေ့ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ သင်္ဘောနှစ်စင်းမှ သင်္ဘောသား ၂၀ကို စပိန်ကယ်ဆယ်ရေးအဖွဲ့များက ကူညီမှုဖြင့် ကမ်းခြေစောင့် အလုပ်သမားများက ရှာဖွေလျက်ရှိကြောင်း ၎င်းတို့က ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

## ကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ ရာမာဒီမြို့တွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား

**ရာမာဒီ နိုဝင်ဘာ ၁၉**

အီရတ်နိုင်ငံရာမာဒီမြို့၌ ကြာသာပတေးနေ့က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများ အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဒေသခံပြည်သူများက ပြောကြားသည်။

ယင်းတိုက်ပွဲဖြစ်ပွားမှုကြောင့် အီရတ်ကိုးဦး သေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိသွားကြောင်း ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

### ဝင်ရောက်

အမေရိကန် သံချပ်ကာယာဉ်များသည် စိန်ပြောင်များ၊ဒုံးကျည်များ၊ စစ်သေနတ်များဖြင့် ပစ်ခတ်သော ပြောက်ကျားများကို ထိန်းချုပ်ရန် ကြာသာပတေးနေ့က ရာမာဒီမြို့လယ်နှင့် မြို့အရှေ့ပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ ယခင်နေ့များက ပြောက်ကျားအုပ်စုများသည် မြို့လမ်းမများတွင် နေရာယူထားကြကြောင်း ယင်းပြောခွင့်ရဒေသခံများက ပြောကြားသည်။

အမေရိကန် လေယာဉ်တစ်စင်းသည် ဗုဒ္ဓဟူးနေ့ က ရာမာဒီမြို့အရှေ့ပိုင်းစက်ရုံတစ်ရုံနေရာကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အမေရိကန် တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သော ၁၀ရက်က ဖလူးဂျာမြို့ကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ကြောင်း ယင်းတို့သည် နိုင်ငံခြားသားများနှင့် ဆက်ဒမ်ထောက်ခံသူများကိုဝင်ရောက် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

## အီရန်နိုင်ငံ၏ ယူရေနီယံထုတ်လုပ်မှု ရပ်ဆိုင်းထားရန် သဘောတူညီ

**တီဟီရန် နိုဝင်ဘာ ၁၉**

အီရန်နိုင်ငံ၏ အဆင့်မြင့်ယူရေနီယံ ထုတ်လုပ်မှုစီမံကိန်းကို ရပ်ဆိုင်းထားရန် အီရန်တာဝန်ရှိသူများက သဘောတူညီခဲ့ကြသည်။

အီရန်၊ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့ ယခုသီတင်းပတ်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ ပြီးဆုံးပြီးနောက် အတည်ပြုချက်စာကို အိုင်အေအီးအေအဖွဲ့က ရရှိခဲ့ကြောင်း သိရသည်။ အဆင့်မြင့် ယူရေနီယံထုတ်လုပ်မှု စီမံကိန်း၊ အခြား စီမံကိန်းနှင့် ပတ်သက်သည့် ဆောင်ရွက်မှုများ အားလုံးကိုရပ်တန့်ထားရန် အီရန်နိုင်ငံက သဘောတူညီကြောင်း တရားဝင်စာကို အိုင်အေအီးအေက ယမန်နေ့တွင် ရရှိခဲ့သည်။ **(စီစီတီဗွီ)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး (၈/၂၀၀၄)အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)**

ရှိကြောင်း၊ ဆက်လက်၍လည်း တရားနည်းလမ်းတကျ အပြည့်အဝအကူအညီများပေးသွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တစ်ရပ်လုံး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအရေးကြီးဆုံးဖြစ်ကြောင်း၊ ထိုကဲ့သို့ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့်အတူ သမဝါယမအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

## အကျိုးရှိရှိအသုံးချ

နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေး အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများကို ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ ယင်းအခြေခံအဆောက်အအုံများကို အကျိုးရှိရှိ အသုံးချသွားရန်လိုကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

## ✡ ရှေ့ဖုံးမှ

ယနေ့အစည်းအဝေးသည် ဆီအုန်း၊ ရော်ဘာအပြင် ဈေးကွက်ရှိသည့် အမယ်သစ်(အမည်သစ်)သီးနှံများ တိုးချဲ့စိုက်ပျိုးရေးအတွက် ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

## တိုးတက်အောင်မြင်

ယနေ့နိုင်ငံတော်၌ အပြောင်းအလဲများရှိခဲ့သော်လည်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် စည်းလုံးညီညွတ်မှုများ ခိုင်ခိုင်မာမာဖြစ်ထွန်းလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့မှာ တိုးတက်အောင်မြင်လျက်ရှိကြောင်း။

ထို့ကြောင့် လုပ်ငန်းရှင်များသည် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အေးအေးချမ်းချမ်း လုံလုံခြုံခြုံဆောင်ရွက်နိုင်သည့် အခြေခံကောင်းများရှိနေကြောင်း၊ ထို့ပြင်ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကများ၏စီးပွားရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ခွင့်ပြုပေးလျက်ရှိသည့်အတွက် ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍမှာ တိုးတက်မြင့်မားလျက်ရှိနေပြီဖြစ်ကြောင်း။

## အားပေးဖြည့်ဆည်းပေး

ဆီအုန်း၊ ရော်ဘာနှင့် ဈေးကွက်ရှိသည့် သီးနှံများတိုးချဲ့စိုက်ပျိုးရေးအတွက် နိုင်ငံတော်အပိုင်းက မြေယာလုပ်ကိုင်ခွင့်များချပေးခြင်း၊ အရင်းအနှီးများ ပံ့ပိုးပေးခြင်းအပါအဝင် လိုအပ်သည်များကို အားပေးဖြည့်ဆည်းပေးလျက်

*စာမျက်နှာ ၃ ဆောင်းပါးမှအဆက်*

များ၌ လွှမ်းခြုံသုံးစွဲထားသည့် အသံလှိုင်းစနစ်ကလည်း ခေတ်မီပြီး အသံကို လိုအပ်သလို ထိန်းချုပ်နိုင်သည်။ အခမ်းအနားစင်မြင့်နှင့် ဝေးသူများအတွက် ကြီးမားသည့်ရုပ်မြင်သံကြား မှန်သားပြင်များကိုပါ လက်လှမ်းတမီ အဆင်သင့် တပ်ဆင်ထားသည်။

ထို့ကြောင့်လည်း လူပေါင်း သုံးသိန်းကျော်တက်ရောက်သည့် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသည် ထည်ဝါခန့်ညား အဆင့်မြင့်မားနေခြင်း ဖြစ်သည်။

တရုတ်နှင့်အာဆီယံ ၁၁ နိုင်ငံမှ ပျိုဖြူများက မိမိတို့နိုင်ငံရှိ မြစ်ရေများကို ရေအိုးကိုယ်စီဖြင့် ရေခပ်ပြီး ကုန်စည်ပြပွဲအတွက် ဆုမွန်ကောင်းတောင်းကြသည်ကို တီဗွီမှန်သားပြင်များပေါ်၌ ထင်ရှားစွာ ပေါ်လာသည်။ ရည်ရွယ်ချက်ကို မရိပ်မိနိုင်သေးပါ။ အခမ်းအနားအစီအစဉ်အရ စင်မြင့်ပေါ်နေရာယူထားကြသည့် တရုတ် ဒုတိယဝန်ကြီးချုပ်မဒမ်ဝူရီနှင့် အာဆီယံ ခေါင်းဆောင်များကို တရုတ်ကလေးငယ်များက နိုင်ငံအလိုက် ရေကရားများကို ပေးအပ်ကြသည်။ ထို့နောက် ခေါင်းဆောင်များက သတ်မှတ်နေရာများ၌ ရေကရားမှ ရေများကို သွန်ချလိုက်သည်နှင့်တစ်ပြိုင်နက် လှပသော ရေပန်းကြီးပေါ်ထွက်လာမှသာ တရုတ်နိုင်ငံမှ ရေ၊ အာဆီယံနိုင်ငံအသီးသီးမှ ရေတို့ပေါင်းစည်းသွားသည့်အဓိပ္ပာယ်၊ ရေများပေါင်းစည်းသလို ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ အကျိုးတူ ကုန်သွယ်ရောင်းဝယ်မှုများသည် ဒေသတွင်း၌ စုစည်းညီညာပေါင်းစည်းသွားသည်ဟု ထပ်ဆင့် အဓိပ္ပာယ်ဖွင့်နိုင်သွားသည်။ တရုတ်ပြည်ရှိ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များကလည်း မြိုင်ဆိုင်သွက်လက်စွာ ဖျော်ဖြေခြင်းဖြင့် အခမ်းအနားမှာ ပိုမိုသွက်လက် မြူးကြွစေသည်။

ဖွင့်ပွဲအခမ်းအနားက တရုတ်–အာဆီယံ စုစည်းညီညွတ်မှုကို သရုပ်ဖော်နိုင်သကဲ့သို့ ပြပွဲကလည်း ကုန်ပစ္စည်းစုံလင်စွာ ပြသနိုင်သည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံခြားကုမ္ပဏီပေါင်း ၅၁၆ ခုက တရုတ်ကုမ္ပဏီများနှင့် ယှဉ်တွဲ၍ ပါဝင်ပြသကြသည်။ အရောင်းအဝယ်စာချုပ်တွေ ချုပ်ဆိုကြသည်။ စာချုပ်ပေါင်း ၂၃၁ ခု ချုပ်ဆိုသည်ဟု သိရှိရသည်။ ဒေသတွင်းကုန်သွယ်မှု ရေစီးကြောင်းကို ခိုင်မာစွာ ဖော်ထုတ်နိုင်သည်။

အစိမ်းရောင်မြို့တော် နန်နင်း ကုန်စည်ပြပွဲမှတစ်ဆင့် တရုတ်–အာဆီယံ ဒေသနှစ်ခုအကြား အပြန်အလှန်နားလည်မှု၊ ပူးပေါင်းမှုနှင့် ကုန်သွယ်မှုသည် တိုးတက်လာမှာ သေချာသည်။ ဒေသနှစ်ခုအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၂ ဘီလီယံရှိရာမှ မျှော်မှန်းထားသည့်အတိုင်း ၂၀၀၅ ခုနှစ်တွင် ဒေါ်လာဘီလီယံ ၁၀၀ အထိ တိုးတက်သွားတော့မှာ ဖြစ်သည်။

နိုဝင်ဘာ ၃ ရက် ညနေပိုင်း၌ တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ အာဆီယံနိုင်ငံအသီးသီးမှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ကြသည်။ မြန်မာနိုင်ငံမှ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များသည်လည်း အခြားနိုင်ငံများမှ အလားတူ အဆင့်တူ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌများနှင့်အတူ ဆွေးနွေးပွဲကို တက်ရောက်လျက် ရှိကြသည်။

အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များက အဖွင့်မိန့်ခွန်းများ အသီးသီး ပြောကြားကြသည်။ ထို့နောက် အာဆီယံ အတွင်းရေးမှူးချုပ်ကလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အပါအဝင် အာဆီယံနိုင်ငံအသီးသီးမှ ဝန်ကြီးများကလည်းကောင်း၊ အိမ်ရှင် ကွမ်စီးကျွမ်းဒေသ အုပ်ချုပ်ရေးမှူးကလည်းကောင်း ပါဝင်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲမှာ နှစ်ရက် ဖြစ်သည်။

ပထမနေ့၌ တက်ရောက်လာကြသော အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် ဝန်ကြီးများက ဆွေးနွေးပြောကြားပြီး ဒုတိယနေ့၌ လွတ်လပ်သော ကုန်သွယ်မှုဒေသ (CAFTA)၏ အကျိုးသက်ရောက်မှုနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးကိစ္စများအပေါ် နိုင်ငံအလိုက်ကိုယ်စားပြုသည့် တာဝန်ရှိသူများက အမြင်ချင်း ဆွေးနွေးဖလှယ်ကြခြင်း ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက–

**“မြန်မာနိုင်ငံ သည်၊ မိမိတို့အားလုံးအတွက် တစ်ဆက်တစ်စပ်တည်း မျှဝေခံစားရမည့် ခရီးပန်းတိုင်ကိုရောက်ရှိအောင် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယင်းခရီးပန်းတိုင်မှာ စီးပွားရေးအရ တိုးတက်မြင့်မားပြီး လူမှုရေးအရ သဟဇာတဖြစ်သော ဒေသကြီးဖြစ်ပေါ်ရေးပင် ဖြစ်ကြောင်း။”**

**“အာဆီယံ–တရုတ်ဒေသနှစ်ခု ပေါင်းစည်းခြင်းဖြင့် စားသုံးသူ သန်း ၁၇၀၀ ရှိသော ဈေးကွက်တစ်ခုပေါ်ထွက်လာမှာဖြစ်ကြောင်း၊ မိမိတို့အားလုံး ပိုင်ဆိုင်ကြသည့် သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်တို့က ကြီးမားသည့်ဈေးကွက်ကို ဖန်တီးဖော်ဆောင်မည် ဖြစ်ကြောင်း”**

ဖြင့် အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးကို ထောက်ခံ ကြိုဆိုရင်း မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ရေကြောင်း လမ်းမှသာမက ကုန်းလမ်းကြောင်းမှပါ ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် စနစ်တကျ တိုးချဲ့ထူထောင်ရေး၊ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများက တိုးတက်ရင်းနှီးမြှုပ်နှံရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ခရီးဆုံရင်း **တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ခေါင်းဆောင်အသီးသီးနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချင်း ဆက်ဆံရေးများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံများအကြား နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်း အပြန်အလှန်နားလည်မှုရှိရှိ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာ အကျိုးရှိရှိ ဆွေးနွေးဖလှယ်နိုင်ခဲ့**သည်။

ထို့ကြောင့် နန်နင်းမြို့သို့ သွားရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ချစ်ကြည်ရေးခရီးစဉ်သည် နန်နင်းမြို့တော်၏ စိမ်းစိုသာယာလှပမှုများနှင့် လိုက်လျောညီစွာ အောင်မြင်မှုများ ရရှိခဲ့သော ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဆီအုန်း၊ရော်ဘာနှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၈/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

## ✻ ရှေ့ဖုံးမှ

အခမ်းအနားတွင် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂီဝင်းရွှေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ပဲခူးတိုင်း(အနောက်) ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ရွှေမြင့်က တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

## ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် ၁၃၃ ဦးတို့က စုစုပေါင်းအလှူငွေကျပ် ၃၉၇ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးအောင်သောင်းနှင့် ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးပြည့်စုံ၊ ဦးအုန်းမြင့်၊ သူရဦးအေးမြင့်နှင့် ဦးဉာဏ်ထွန်းအောင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အလှူရှင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပုဂံဆောင်၌ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)အား ဂုဏ်ပြု အထိမ်းအမှတ်အဖြစ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)**




21-11 (06).p65 1 3/23/05, 4:47 PM

# လုပ်ငန်းရှင်များ ဆီအုန်း၊ ရော်ဘာသာမက အမယ်သစ်သီးနှံများ ပြည်ပတင်ပို့နိုင်အောင်ကြိုးစား ပို့ကုန်ပမာဏတိုးတက်ပြီး နိုင်ငံခြားသုံးငွေပိုမိုရရှိက လိုအပ်သည့်သွင်းကုန်များလည်း ဝယ်ယူတင်သွင်းနိုင်

***စာမျက်နှာ ၆ မှ***

နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းရှင်များအား ယုံကြည်သကဲ့သို့ အားထားမှုလည်းပြုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဆီအုန်းစိုက်ပျိုးရန် မြေဧရိယာ ဧက ၁၀ သိန်းကျော် ယူထားသည့်အနက် ယခုအခါ ဧက ကိုးသောင်းကျော် စိုက်ပျိုးပြီးဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ လုပ်ငန်းရှင်များ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် မြေယာလုပ်ကိုင်ခွင့်များအပြင် စိုက်ပျိုးပြီး မြေများကို အနှစ် ၃၀ နှစ်ရှည်လုပ်ပိုင်ခွင့်များ ခွင့်ပြုပေးသွားမှာဖြစ်ကြောင်း။

ထို့ကြောင့်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏အကျိုးစီးပွားအတွက် သာမက နိုင်ငံတော်ကို အထောက်အကူအကျိုးပြုရေးအတွက်လည်း စေတနာထား၍ ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ညှိနှိုင်းဆွေးနွေး**

လက်ရှိအနေအထားအရ နိုင်ငံတော်၏ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု အခြေအနေမှာ ရာနှုန်းပြည့် ကောင်းမွန်လျက်ရှိကြောင်း၊ မိမိတို့ လက်ထက်၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီးဖြစ်သည့်အပြင် ကျန်ရှိနေသည့် လက်နက်ကိုင်အဖွဲ့အစည်း တစ်ဖွဲ့နှင့်လည်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလျက်ရှိကြောင်း။

မိမိအနေဖြင့် ငြိမ်းချမ်းရေး ရယူထားသည့် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ငြိမ်းချမ်းရေးအဖွဲ့များက ၎င်းတို့အနေဖြင့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အပေါ် အားယူပြီး ငြိမ်းချမ်းရေးရယူခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်စိတ်ချ၍ ငြိမ်းချမ်းရေးယူခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရနှင့် အမြဲတမ်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တင်ပြခဲ့ကြကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်အတိုင်း အောင်မြင်အောင် စိတ်အေးချမ်းသာစွာ ဆက်လက်စိုက်ပျိုးလုပ်ကိုင်သွားကြရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အမယ်သစ်သီးနှံများ စိုက်ပျိုး၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာပြည်ပ ကုမ္ပဏီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**တိုးတက်ကောင်းမွန်လာ**

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၏ စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် အသင်းချုပ်က ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလွင်နှင့် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်တို့က မိမိတို့ ပြည်နယ်နှင့် တိုင်းများအတွင်း မြေအသုံးချနိုင်မှု၊ ပုဂ္ဂလိက လုပ်ငန်းရှင်များက ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရန်အဆိုပြုထားသည့် မြေဧကများနှင့် စိုက်ပျိုးနိုင်မှုများ၊ ရာသီသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ နှစ်အလိုက်ဆက်လက်တိုးချဲ့ စိုက်ပျိုးရန်လျာထားမှုများကို ရှင်းလင်းတင်ပြကြသည်။

**စီမံဆောင်ရွက်ထား**

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ မြေယာလုပ်ကိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်ရရှိရေးကိစ္စများအပေါ် ဝန်ကြီးဌာနက စီမံဆောင်ရွက်ထားသည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့က စိုက်ပျိုးရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းခွင်များသို့ စက်ယန္တရားကြီးများ သယ်ပို့ပေးခဲ့မှုနှင့် အခြားကူညီ ပံ့ပိုးဖြည့်ဆည်းပေးခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက မိမိတို့ဝန်ကြီးဌာနအောက်ရှိ စက်ရုံများအတွက် ရော်ဘာလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရော်ဘာအထွက်နှုန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**အမယ်သစ်သီးနှံစိုက်ပျိုး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များ၊ အမယ်သစ် သီးနှံစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁***



**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၈/၂၀၀၄) တွင် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၈/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ **(သတင်းစဉ်)**



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၈/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၈/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ **(သတင်းစဉ်)**

## စိုက်ပျိုးသူနှင့် နိုင်ငံတော်အတွက် အကျိုးရှိ

- ❐ ရော်ဘာစိုက်ဧက တိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး လုပ်ကိုင်ဆောင်ရွက်ရင်း အရည်အသွေးကောင်းအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပဈေးကွက်လည်းရှိ၊ ဈေးကောင်းလည်းရသဖြင့် စိုက်ပျိုးသူအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် နှစ်ရှည်ပင်မျိုးဖြစ်။
- ❐ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းစသည်တို့ အပြန်အလှန် ဆက်စပ်နေ။
- ❐ နိုင်ငံတော်စီးပွားရေး တောင့်တင်းသည်ထက် တောင့်တင်းအောင် လုပ်ကိုင်ဆောင်ရွက်။



**တိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေမည့် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်ရှိ ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ခင်းကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



**စည်းရုံးရေးကဏ္ဍ နှီးနှောဖလှယ်ပွဲ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ဒုတိယနေ့တွင် စည်းရုံးရေးကဏ္ဍ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

# စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေး အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများ ကျင်းပ

ကျောဖုံးမှ

ရှေးဦးစွာ အခမ်းအနားမှူးက စည်းရုံးရေးကဏ္ဍ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ် ၆၀ ရှိသည့်အတွက် နှီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ နှီးနှောဖလှယ်ပွဲကို စတင်ကျင်းပကြောင်း ကြေညာသည်။

## ရှင်းလင်းပြောကြား

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက နှီးနှောဖလှယ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲတွင် စည်းရုံးရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းနော်ဆိုင်ဖ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ထိန်လင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းလှယဉ်၊ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသက်လင်း၊ ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်း၊ ကယားပြည်နယ် ဖားဆောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဒေးဒေးမေ၊ ကရင်ပြည်နယ် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးတင်ကိုလတ်၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသေအီအုပ်၊ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တနင်္သာရီတိုင်း ရေဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖေသန်း၊ ပဲခူးတိုင်း(အနောက်) ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်လင်း၊ပဲခူးတိုင်း(အရှေ့) ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန့်ဇင်ဦး၊ မကွေးတိုင်း အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစန်းလွင်၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးထွန်း၊ မွန်ပြည်နယ် သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးအောင်မျိုးသန်းနှင့် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ရဲထွဋ်တို့က ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် စည်းရုံးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမည့် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်တာဝန်ပေးအပ်သည်။

ထို့နောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး တတိယနေ့တွင် တင်သွင်းမည့် စည်းရုံးရေးကဏ္ဍ ဆွေးနွေးတင်ပြချက်စာတမ်း ရေးသားပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ စည်းရုံးရေးကဏ္ဍ နှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

## အစုအဖွဲ့အမှတ်(၂)

စီမံရေးကဏ္ဍအစုအဖွဲ့အမှတ်(၂)၏ နှီးနှောဖလှယ်ပွဲကို အနော်ရထာခန်းမ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းဆွေနှင့် သူရဦးအောင်ကိုတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်နှင့်တွဲဖက် အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ဆွေဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းဆွေက အမှာစကားပြောကြားသည်။

ထို့နောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး တတိယနေ့တွင် စီမံရေးကဏ္ဍနှင့်စပ်လျဉ်း၍ တင်သွင်းမည့် စာတမ်းကို သဘာပတိများနှင့် ကိုယ်စားလှယ်များက အတည်ပြုကြပြီး စီမံရေးကဏ္ဍ အစုအဖွဲ့အမှတ်(၂)၏ နှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

## အစုအဖွဲ့အမှတ်(၃)

စီးပွားရေးကဏ္ဍအစုအဖွဲ့အမှတ်(၃)၏ နှီးနှောဖလှယ်ပွဲကို မြဝတီဆောင်၌ ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးစိုးသာ၊ ဦးအုန်းမြင့်နှင့် ဦးမောင်မောင်သိမ်းတို့က ဆောင်ရွက်ကြပြီး အခမ်း

တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မိုမိုအိတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက အမှာစကား ပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး တတိယနေ့တွင် တင်သွင်းမည့် စီးပွားရေးကဏ္ဍအစုအဖွဲ့ အမှတ်(၃)၏ စာတမ်းကို သဘာပတိများနှင့် ကိုယ်စားလှယ်များက အတည်ပြုကြပြီး စီးပွားရေးကဏ္ဍ အစုအဖွဲ့အမှတ်(၃)၏ နှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

## အစုအဖွဲ့အမှတ်(၄)

လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍ အစုအဖွဲ့ အမှတ်(၄)၏ နှီးနှောဖလှယ်ပွဲကို အင်းဝဆောင်ရှိ အဆောင်အမှတ်(၈)၌ ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေး

(အရှေ့) တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဒေါ်နီနီမာက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းစုစုနွယ်က လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၅၉ ဦးရှိသည့်အတွက် နှီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ နှီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍနှင့်စပ်လျဉ်းပြီး ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမော်






**လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍ နှီးနှောဖလှယ်ပွဲ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ဒုတိယနေ့တွင် လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အနားမှူးအဖြစ် ကယားပြည်နယ် ရှားတောမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါ်ချောစုရည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း ရန်ကုန်

နှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးမောင်ပါနှင့် ဦးတင်နိုင်သိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် ပဲခူးတိုင်း

ရယ်၊ မကွေးတိုင်း ပခုက္ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစိုးမြင့်အောင်၊ မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး



**စီမံရေးကဏ္ဍ နှီးနှောဖလှယ်ပွဲ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ဒုတိယနေ့တွင် စီမံရေးကဏ္ဍ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)






## ပညာရေးကဏ္ဍ နီးနှောဖလှယ်ပွဲ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ဒုတိယနေ့တွင် ပညာရေးကဏ္ဍ နီးနှောဖလှယ်ပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

အသင်း အလုပ်အမှုဆောင် ဒေါ်ခင်ဝင်းဖြူ၊ မွန်ပြည်နယ် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မြင့်၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းအေး၊ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လဲ့လဲ့အေး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဆိုင်နွံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နုနုလွင်နှင့် ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းနိုင်တို့က အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် လူမှုရေးနှင့်ယဉ်ကျေးမှု ကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမည့် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်တာဝန်ပေးအပ်သည်။

ထို့နောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး တတိယနေ့တွင် လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍနှင့် စပ်လျဉ်း၍ တင်သွင်းမည့် ဆွေးနွေး တင်ပြချက် စာတမ်းရေးသားပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

### အစုအဖွဲ့အမှတ်(၅)

ပညာရေးကဏ္ဍ အစုအဖွဲ့အမှတ်(၅)၏ နီးနှောဖလှယ်ပွဲကို တကောင်းစားရိပ်သာ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဦးဘုန်းဆွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်လှိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်ဆန်ကျဲထွေးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပညာရေးကဏ္ဍ နီးနှောဖလှယ်ပွဲတွင် ကိုယ်စားလှယ်ပေါင်း ၆၀ တက်ရောက်သဖြင့် နီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ နီးနှောဖလှယ်ပွဲစတင် ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး

ဝေ၊ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇော်ဦး၊ တနင်္သာရီတိုင်း ပုလောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်မင်းသိန်း၊ ပဲခူးတိုင်း(အနောက်)ဇီးကုန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွန်း၊ ပဲခူးတိုင်း(အရှေ့) ကျောက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်

သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက နိဂုံးချုပ်အမှာစကား ပြောကြားကာ ပညာရေးကဏ္ဍ နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

### အစုအဖွဲ့အမှတ်(၆)

အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကဏ္ဍ အစုအဖွဲ့အမှတ်(၆)၏ နီးနှောဖလှယ်ပွဲကို ခေတ္တရာစားရိပ်သာ၌ ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး၊ ညှိနှိုင်းရေးမှူး ဦးသန်းအောင်၊ ဗဟို



## စီးပွားရေးကဏ္ဍ နီးနှောဖလှယ်ပွဲ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) ဒုတိယနေ့တွင် စီးပွားရေးကဏ္ဍ နီးနှောဖလှယ်ပွဲ ကျင်းပစဉ်။** (သတင်းစဉ်)






## စွမ်းရည်မြင့်မားရေးကဏ္ဍ နီးနှောဖလှယ်ပွဲ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ဒုတိယနေ့တွင် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍ နီးနှောဖလှယ်ပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

အသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်နန်းအေးထူး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းသီတာလွင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မိမိမော်၊ ဧရာဝတီတိုင်း ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာသိန်းစိုး၊ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝိုင်း၊ ကယားပြည်နယ် ဒီမောဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးအောင်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဥမ္မာဝင်း၊ ချင်းပြည်နယ် ပလက်ဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်း

အတွင်းရေးမှူး ဦးဝင်းဗိုလ်၊ မကွေးတိုင်း ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စုစုမော်၊ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်ကျော်၊ မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလွင်မိုး၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်တင်လှိုင်နှင့် ရန်ကုန်တိုင်း အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှဝင်းတို့က အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) တတိယနေ့တွင် ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမည့် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်တာဝန်ပေးအပ်သည်။

### ဖွဲ့စည်းတာဝန်ပေး

ယင်းနောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် တင်သွင်းမည့် ဆွေးနွေးတင်ပြချက်စာတမ်း ရေးသားပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး

အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်မင်းနှင့် ဦးအောင်သိန်းလင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရွှယ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းဟန်စိန် တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကဏ္ဍ နီးနှောဖလှယ်ပွဲသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၆၀ ဦး တက်ရောက်ကြသည့်အတွက် နီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

### အမှာစကားပြောကြား

အစီအစဉ်အရ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ညှိနှိုင်းရေးမှူး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကဏ္ဍ နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလင်းထင်အောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းညို၊ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်၊ ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစံလင်း၊ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေ၊ ကရင်ပြည်နယ် မြဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောလွင်၊ ချင်းပြည်နယ် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးနန်ဇမုန်၊ စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်ဆွေ၊ တနင်္သာရီတိုင်း သရက်

ချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေး၊ ပဲခူးတိုင်း(အနောက်) အုတ်ဖိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွေး၊ပဲခူးတိုင်း(အရှေ့) ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းမြင့်ထွန်း၊ မကွေးတိုင်း မင်းဘူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်လွင်၊ မန္တလေးတိုင်း မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေ၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းနိုင်နှင့် ရန်ကုန်တိုင်း သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မြတ်စုတို့က အသီးသီးဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမည့် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်တာဝန်ပေးအပ်သည်။

ယင်းနောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် တင်သွင်းမည့် ဆွေးနွေးတင်ပြချက်စာတမ်း ရေးသားပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကဏ္ဍ နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

### အစုအဖွဲ့အမှတ်(၇)

မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည် မြင့်မားရေးကဏ္ဍ အစုအဖွဲ့အမှတ်(၇) ၏ နီးနှောဖလှယ်ပွဲကို ပုဂံစားရိပ်သာ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးပြည့်စုံ၊ သူရဦးအေးမြင့်နှင့် ဦးဉာဏ်ထွန်းအောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အနောက်) ပေါင်းတည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်မျိုးသီတာမြင့်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး

အသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နွယ်ဦးကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက မျိုးဆက်သစ် လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ် ပေါင်း ၆၀ ဦး ရှိသည့်အတွက် နီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ နီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

### ရွေးချယ်တာဝန်ပေး

ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမည့် ကိုယ်စားလှယ် တစ်ဦးအား ရွေးချယ်တာဝန် ပေးအပ်သည်။

ဆက်လက်၍ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍနှင့်စပ်လျဉ်း၍ တင်သွင်းမည့် ဆွေးနွေးတင်ပြချက် စာတမ်း ရေးသားပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကားပြောကြားကာ နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# တတိယအကြိမ်မြောက်အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း

ရန်ကုန် နိုဝင်ဘာ ၂၀

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည့် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေး (The 3rd Meeting of the ASEAN Committee on Women) ကျင်းပရေးအတွက် ကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အစည်းအဝေးသို့ တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီအစည်းအဝေး ကျင်းပရေး ဦးစီးကော်မတီနာယက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နာယကအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီ နာယက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**



နိုဝင်ဘာ ၂၀ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒွါဒသမအကြိမ် ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို လှိုင်မြို့နယ် ဘူတာရုံလမ်းရှိ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ(ကျားကျောင်း) ဝေဇယန္တာခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်တို့က ကထိန်လျာဥတ်သင်္ကန်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအား ဆက်ကပ်လှူဒါန်းစဉ်။ (နယ်စပ်/စည်ပင်)



**ရှင်းလင်းတင်ပြ**

ထို့နောက် ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီ အသီးသီးအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆပ်ကော်မတီခေါင်းဆောင်များက တင်ပြဆွေးနွေးကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် တတိယအကြိမ် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီနာယက ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးစီစဉ်ပေးပြီး ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှဒေသရေနံနှင့်သဘာဝဓာတ်ငွေ့ စူးစမ်းသူများအသင်းနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

**စွမ်းအင်ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် Smart Technical Services Co., Ltd. နှင့် စင်ကာပူနိုင်ငံ IHS Energy Group တို့ ပူးပေါင်းပြုလုပ်သည့် အရှေ့တောင်အာရှဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့စူးစမ်းသူများအသင်း နှီးနှောဖလှယ်ပွဲကို ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် SEAPEX ဥက္ကဋ္ဌ Mr. Richard Bottomley က အရှေ့တောင်အာရှဒေသ ရေနံနှင့်သဘာဝ ဓာတ်ငွေ့စူးစမ်းသူများအသင်း(SEAPEX) ၏ ဂုဏ်ထူး ဆောင်အဖွဲ့ဝင် အသိအမှတ်ပြုလွှာကို ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီအား ပေးအပ်သည်။

ဆက်လက်၍ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ဦးစိုးမြင့်က Energy Security in ASIA-Pacific Region and Myanmar's Potential for Energy Supply စာတမ်းကိုလည်းကောင်း၊ မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် Daewoo International, E&P Myanmar ၏ Managing Director ဖြစ်သူ Dr. Su-Yeong Yang တို့က Hydrocarbon Potential of Block A-1, Offshore Northwest Myanmar စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားကြပြီး တက် ရောက်လာသူများက မေးမြန်းဆွေးနွေးကာ နှီးနှောဖလှယ် ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်တွင်းကြီးမြို့ အမှတ်(၂)အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

တောင်တွင်းကြီးမြို့ အမှတ်(၂) အထက(ငါးဆင့်)၏ တပည့်ကျောင်း သား ကျောင်းသူများက အသက်(၆၀) ပြည့် ဆရာကြီး ဆရာမကြီး ၆၅ ဦးတို့ အား သတ္တမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အထက(၂) အစည်းအဝေး ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့ နံနက် ၅ နာရီတွင် မြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၅၇တိုက် မှ သံဃာအပါး ၄၅၀ကျော်အား အရုဏ်ဆွမ်း လောင်းလှူပြီး ကွယ်လွန် သူ အငြိမ်းစား ဆရာကြီး ဆရာမကြီး တို့အား ရည်စူး၍ သံဃာတော် ငါးပါး တို့ကို လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက် ကပ်လှူဒါန်းပြီး ရေစက်ချတရားနာယူ မည်ဖြစ်သည်။ အလှူငွေများ ထည့်ဝင် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးချစ်လှိုင် ဖုန်း-၀၆၃-၅၀၃၉၆၊ ဒုတိယဥက္ကဋ္ဌ ဦးလှရွှေ ဖုန်း-၀၆၃-၅၀၂၄၀၊ အတွင်း ရေးမှူး ဦးဝင်းလေး ဖုန်း-၀၆၃- ၅၀၂၅၁၊ ဘဏ္ဍာရေးမှူး ဦးအေးသောင်း ဖုန်း- ၀၆၃-၅၀၃၄၄ နှင့် အမှုဆောင် ဒေါ်မိမိခိုင် (ရန်ကုန်) ဖုန်း-၀၁- ၆၄၀၈၆၈ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ **(က-ပ)**

# သာမဏေကျော်ဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပဲခူးမြို့ သာမဏေကျော်ပရိယတ္တိ စာသင်တိုက်ရှိ ပဓာနဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာလင်္ကာရာဘိဝံသ (သ-စ-အ) ဓမ္မာစရိယ B.A (Myanmar),Q အမှူးပြုသော သံဃာ တော်အပါး ၂၀၀ ကျော်တို့အား (၁၁) ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင် မုန်းလဆန်း ၁၀ ရက် (နိုဝင်ဘာ ၂၁ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ အကြိုတရားပွဲများအဖြစ် နိုဝင်ဘာ ၂၁ ရက်ညတွင် ဖြူးဆရာ တော် ဘဒ္ဒန္တ နရပတိ အရှင်သူမြတ် က တရားတော်များ ဟောကြားမည် ဖြစ်ရာ အလှူရှင်များ ကြွရောက် ကြည်ညိုနိုင်ရန် အကျိုးတော်ဆောင် အဖွဲ့က နှိုးဆော်ထားကြောင်း သိရ သည်။ **(က-ပ)**

**တိမ်အသင့်အတင့်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**



## ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မဟာဘုံကထိန်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် ဘုံကထိန်ပွဲကို ယနေ့နံနက် ၉နာရီက မဟာစည်မွှာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားအစီအစဉ်အရ ဥက္ကဋ္ဌဦးကျော်ထွန်းက နမောတဿသုံးကြိမ် ရွတ်ဆို၍ မဟာဘုံကထိန်ပွဲအခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က မဟာဘုံကထိန်ပွဲကျင်းပရခြင်းအကြောင်း လျှောက်ထားသည်။ ဩဝါဒါစရိယ ဆရာတော်ကြီးဘဒ္ဒန္တကဝိဓဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်သူမြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ကထိန်သင်္ကန်းအလှူရှင်များက တစ်ဦးချင်း ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။**(အောက်ပုံ)** ဆက်လက်၍ ဆရာတော်ကြီးက ကထိန်အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။

အတွင်းရေးမှူး ဒေါက်တာတင်ခိုင်မြင့်က ဆွမ်းအလှူရှင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဦးစိန်ထွန်းအောင်-ဒေါ်လှလှစသော အလှူရှင်အသီးသီးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။ ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်ချအမျှအတန်းပေးဝေကြသည်။ **(က-ပ)**







## ပျံလွန်တော်မူသွားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အား သံဃာတော်များနှင့်ဒါယကာဒါယိကာမများ လာရောက်ဖူးမြော်ပူဇော်

ရန်ကုန် နိုဝင်ဘာ ၂၀

**နိုဝင်ဘာ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူမဟာဝိသုတာရာမနိကာယကြီး၏အဓိပတိ မြင်းခြံမြို့ကိုးဆောင်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံ နိကာယ်စာသင်တိုက်ကြီးတို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်တော်အား အပူဇော်ခံထားရှိသည့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်း ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီးအတွင်းရှိ ယာယီစံကျောင်းတော်သို့ ယနေ့နံနက်ပိုင်းမှစတင်၍ ရပ်နီးရပ်ဝေးမှ သံဃာတော်များ၊ ဒါယကာဒါယိကာမများလာရောက်၍ ဖူးမြော်ပူဇော်ကြသည်။**

### ရွတ်ဖတ်ပူဇော်

ထို့ပြင် သာသနာရေးဝတ်အသင်းအဖွဲ့များဖြစ်ကြသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက်မှ အောင်မင်္ဂလာဝတ်အသင်း၊ (၁၈)ရပ်ကွက်မှ ဓမ္မသီဂီဝတ်အသင်းနှင့် သီရိသုဓမ္မကာရီဝတ်အသင်းအဖွဲ့တို့က ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်များ၊ သံဝေဂဂါထာတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ညပိုင်းတွင် ဆရာတော်ကြီး၏တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ဂီတအနုပညာရှင်များကလည်း ဓမ္မပူဇာတေးဖြင့် သီကျူးပူဇော်ကြသည်။ **(သတင်းစဉ်)**

## ဖက်ပင်အိုင်စာသင်တိုက်ကထိန်အလှူပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

သဃ်န်းကျွန်းမြို့နယ် ဈ/မြောက်ရပ်ကွက် ဖက်ပင်အိုင်စာသင်တိုက် ဆရာတော်ဘဒ္ဒန္တဂန္ဓမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ကျောင်းတိုက်သံဃာတော်၁၈၀နှင့် ပင့်သံဃာ ၇၅ပါးတို့အား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ၂၆ရက်)သောကြာနေ့ နံနက် ၉နာရီတွင် ဖက်ပင်အိုင်စာသင်တိုက် နိဗဒ္ဓစေတနာရှင်များစုပေါင်း၍ ကထိန်သင်္ကန်းများကပ်လှူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

*စာမျက်နှာ ၇ မှ*

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်၍ ဆီအုန်းဧကငါးသိန်းစိုက်ပျိုးရေးဟူသည့် ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ ဆီအုန်းဧကနှစ်သိန်းကို ဆောလျင်စွာပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရေးတို့ကို ဖြည့်စွက်ဆွေးနွေးသည်။

### အကျိုးရှိမည့်နှစ်ရှည်ပင်ဖြစ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက နိုင်ငံချုပ်ဆွေးနွေးမှာကြားရာ၌ ရော်ဘာသည် ဈေးကွက်ရှိပြီး ဈေးကောင်းလည်းရကြောင်း၊ ရော်ဘာကို ပြည်နယ်နှင့်တိုင်းဒေသအများစု၌ စိုက်၍ရပြီး စိုက်လည်းစိုက်ပျိုးနေကြကြောင်း၊ ရော်ဘာစိုက်ဧကတိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးတို့ကို လုပ်ကိုင်ဆောင်ရွက်ရင်း အရည်အသွေးကောင်းအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပဈေးကွက်လည်းရှိ ဈေးကောင်းလည်းရသဖြင့် ရော်ဘာသည် စိုက်ပျိုးသူအတွက်ရော နိုင်ငံတော်အတွက်ပါအကျိုးရှိမည့် နှစ်ရှည်ပင်မျိုးဖြစ်ကြောင်း၊ အလားတူ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီအုန်းစိုက်ဧက တိုးတက် ဖြစ်ထွန်းရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

### လုပ်ကိုင်ဆောင်ရွက်

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းစသည်တို့မှာ အပြန်အလှန်ဆက်စပ်နေကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့၏ သမိုင်းကြောင်း၊ ရေမြေအခြေအနေနှင့် လိုက်လျောညီထွေသည့် ဒီမိုကရေစီစနစ်ထွန်းကားတည်တံ့အောင် မူဝါဒလုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာ၌ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်ရေး၊ ဈေးကွက်တည်ငြိမ်ခိုင်မာရေး၊ ကျပ်ငွေတန်ဖိုး ခိုင်မာရေးနှင့် ကူးသန်းသွားလာရာ၌ အဟန့်အတားမရှိစေဘဲ လွယ်ကူချောမွေ့စေရေးတို့ကို ဦးတည်ဆောင်ရွက်သွားပြီး နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းသည်ထက် တောင့်တင်းအောင် လုပ်ကိုင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လုပ်ငန်းရှင်များ၏ လုပ်ငန်းများအောင်မြင်စေရေးအတွက် ဆက်လက်အားပေးသွားမှာဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ဆီအုန်း၊ ရော်ဘာသာမက အမယ်သစ်(အမည်သစ်)သီးနှံများတိုးချဲ့စိုက်ပျိုးပြီး ပြည်ပတင်ပို့ရောင်းချနိုင်အောင် ကြိုးစားသွားရမှာဖြစ်ကြောင်း၊ သို့မှသာ ပို့ကုန်ပမာဏတိုးတက်ပြီး နိုင်ငံခြားသုံးငွေ ပိုမိုရရှိကာ လိုအပ်သောသွင်းကုန်များကိုလည်း ဝယ်ယူတင်သွင်းသွားနိုင်မှာဖြစ်ကြောင်း၊ မိမိတို့အတွက်လည်းအကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းသည့် စိုက်ပျိုးရေးလုပ်ငန်းကို အားထည့်လုပ်ကိုင်စေလိုကြောင်းဖြင့်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

## ခြောက်ထပ်ကြီးဘုရားကြီးတိုက် (၆၄)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌ ဝါကပ်တော်မူကြသော ဘုရားကြီးတိုက်မဟာနာယက ဆရာတော်များအမှူးရှိသည့် စာချ၊ စာသင်၊ သံဃာတော်အပါး ၃၇၀ ကျော်တို့အား နှစ်စဉ်ကပ်လှူမြဲဖြစ်သော ကထိန်သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၂၆ရက် (သောကြာနေ့) တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်ရာ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနဝိပုလကာရီမဟာသိမ်တော်ကြီးသို့ ကြွရောက်ကပ်လှူနိုင်ကြောင်း သိရသည်။ **(က-ပ)**

■ *ကျောဖုံးမှ*

### ပို့ချသင်ကြား

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးကံကောင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မာလာဝင်းက စာကြည့်တိုက်ပညာများကို ပို့ချသင်ကြားခဲ့ရာ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အလားတူ တောကြီးကျေးရွာအုပ်စုတွင် 'မြစ်တစ်ရာစာကြည့်တိုက်'၊ ကျောက်ပုံကျေးရွာတွင် 'ဆာဟဲတော်' စာကြည့်တိုက်တို့ကိုလည်း ဖွင့်လှစ်ပေးပြီး အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က ပေးပို့လှူဒါန်းသော စာအုပ်များကို မြို့နယ်ဦးစီးမှူးဒေါ်မာလာဝင်းက ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများသို့ လှူဒါန်းကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည်မြင်းခြံဆရာတော်ကြီး၏ အန္တိမစျာပနသဘင်တရားပွဲများ

ရန်ကုန် နိုဝင်ဘာ ၂၀

**ဘဝနတ်ထံပျံလွန်တော်မူသွားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည်မြင်းခြံဆရာတော်ကြီး၏ အန္တိမစျာပနပူဇော်ပွဲသဘင်၌ ဓမ္မပူဇာတရားပွဲများကိုနေ့စဉ်ည၇နာရီတွင်ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ၂၁ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်)၊ နိုဝင်ဘာ၂၂ရက်တွင် သ-စ-အ ဓမ္မာစရိယ ပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယာဘိဝံသ (ခင်မကန်ဆရာတော်)၊ နိုဝင်ဘာ၂၃ရက်တွင် ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မဒူတအရှင်ဆေကိန္ဒ၊ နိုဝင်ဘာ၂၄ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခ (ဝါခင်းကုန်းဆရာတော်)၊ နိုဝင်ဘာ၂၅ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ(သီတဂူဆရာတော်)တို့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် ပုလဲရတနာလမ်း နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက် ဗဟိုမဏ္ဍပ်တော်အတွင်း၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။** (သတင်းစဉ်)

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ အန္တိမစျာပနသဘင်တရားပွဲများ

| စဉ် | ရက်စွဲ | တရားဟောကြားချီးမြှင့်တော်မူမည့်ဆရာတော် |
|---|---|---|
| ၁။ | ၂၁-၁၁-၂၀၀၄ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) |
| ၂။ | ၂၂-၁၁-၂၀၀၄ | သ-စ-အ ဓမ္မာစရိယပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသူရိယာဘိဝံသ (ခင်မကန်ဆရာတော်) |
| ၃။ | ၂၃-၁၁-၂၀၀၄ | ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မဒူတအရှင်ဆေကိန္ဒ |
| ၄။ | ၂၄-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခ (ဝါခင်းကုန်းဆရာတော်) |
| ၅။ | ၂၅-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဉာဏိဿရ (သီတဂူဆရာတော်) |

## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၁၁-၂၀၀၄(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၅ ၆။ ယူးချောင်းတံတား
၈:၃၀ ၇။ International News
၈:၄၅ ၈။ Say it in English.
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း-၄၆)
၁၂:၂၀ ၅။ ထက်မြက်ထူးချွန်ပညာရည်မွန် (အပိုင်း-၁)
၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"စာမျက်နှာ-၁၅၀၀"** (မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဟိန်းစိုး)
၁၄:၁၅ ၇။ အတီးပြိုင်ပွဲ
၁၄:၃၀ ၈။ ဖြူးချောင်းတံတား
၁၄:၄၅ ၉။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၃၄)
၁၉:၃၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၄၅ ၁၃။ တေးဂီတအစီအစဉ်
၁၄။ လျှပ်စစ်စွမ်းအား ထွန်းကားဝေဖြာ စီမံကိန်းရဲရွာ
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) ပထမနေ့ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေတင်ပြခြင်း နိုဝင်ဘာ ၁၄ ရက် ၂၀၀၄ခုနှစ် (တတိယပိုင်း)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"** (အပိုင်း-၁၉)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။



## စွယ်တော်မြတ်စေတီ(ရန်ကုန်)ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့ ညှိနှိုင်းဆွေးနွေး၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၀

**စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မိမိဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့ငယ်များအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**

## ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက်မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ ရက်) အရုဏ်တက်ချိန်တွင် ကျင်းပပူဇော်မည်ဖြစ်ရာ အာရုံခံတန်ဆောင်းများအတွင်းရှိ ဘုရားလေးဆူနှင့်တကွ အထက်ပစ္စယာပတ္တမြားမျက်ရှင်ရုပ်ပွားတော်ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်း ပူဇော်မည်ဖြစ်သည်။

၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၂၅ ရက်) အဖိတ်နေ့ ညနေ ၄ နာရီမှ စ၍ လှည့်လည်ပူဇော်ရေးအဖွဲ့များသည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ရာဟုထောင့်အောင်မြေ၌ မသိုးသင်္ကန်းတော်များ ယှဉ်ပြိုင်ရက်လုပ်ပွဲ အခမ်းအနားကို ညနေ ၅ နာရီတွင် စတင်ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ ရက်)နံနက် ၁ နာရီတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ စေတီတော်မြတ်ကြီးအား ဂေါပကအဖွဲ့ဝင်များက ဦးဆောင်သည့် ဘာသာရေးအသင်းအဖွဲ့များက မသိုးသင်္ကန်းတော်များဖြင့် လှည့်လည်ပူဇော်ပြီး ရုပ်ပွားတော်အသီးသီးကို ဆက်ကပ်လှူဒါန်း ပူဇော်ကြမည်ဖြစ်သည်။ ယင်းနေ့နံနက် ၆ နာရီတွင် ရင်ပြင်တော်ပေါ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရွှေတိဂုံစေတီ တော်သြဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များဖြင့် ပူဇော်ပြီး ရေစက်ချအနုမောဒနာ အခမ်းအနားကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

နိုဝင်ဘာ ၁၆ရက်က ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ပညာတန်ဆောင်ပါ ဆောင်းပါးများ ဆွေးနွေးပွဲကို လှိုင်မြို့နယ် အလက(၈)၌ ကျင်းပရာ ဆရာမ ဒေါ်စန်းစန်းရီ ဆွေးနွေးစဉ်။ (က-ပ)

## မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်း တောင်သာမြို့ အမှတ် (၅) ရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၂၃၅) ဓမ္မာရုံတွင် ဒီဇင်ဘာ ၆ရက်မှ ၁၂ရက်အထိ (၁၃)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို အဖွဲ့ချုပ်၏ အရန်နာယက နယ်လှည့်ဓမ္မကထိက ဦးစန္ဒာသီရိ(ဓမ္မာစရိယ) အရှင်သူမြတ်က မိုးကုတ်ဆရာတော်၏ ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားပြသ ပေးတော်မူမည် ဖြစ်သည်။

စခန်းဝင်လိုသူ ယောဂီများ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၂၃၅)သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကျိုက်ဒေးယျုံဆရာတော် ပြည်တွင်းဓမ္မဒူတခရီးစဉ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်း သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် ကျိုက်ဒေးယျုံ အရှင်ဥတ္တရ(ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မ ကထိက၊ အလိုတော်ပြည့်ကမ္မဋ္ဌာနာစရိယ)သည် ၁၈နှင့် ၁၉ ရက်တွင် ဘူးသီးတောင်မြို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားကြောင်း သိရသည်။ **(က-ပ)**



## တောင်ငူမြို့ ရွှေမင်းဝင်ရိပ်သာကျောင်း ကိုးရက်တရားအားထုတ်ပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

တောင်ငူမြို့ ရွှေမင်းဝင်နိုင်ငံတကာဝိပဿနာအလုပ်ပေး တရားစခန်းရိပ်သာကျောင်း ဆရာတော်အရှင် အာဒိစ္စရံသီ (စာရေးဆရာ ဆန်းလွင်) ခန္ဓာဝန်ချသည့် နှစ်နှစ်ပြည့် အခမ်းအနားနှင့် ခန္ဓာဉာဏ်ရောက်ဝိပဿနာ တရားအလုပ်ပေး ကိုးရက်တရားစခန်းကို နိုဝင်ဘာ ၂၆ ရက် (သောကြာနေ့) မှစ၍ ဒီဇင်ဘာ ၅ရက်အထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ တရားစခန်း၌ အရှင်ပဏ္ဍိတ (မကွေး ဆင်တောင်တောရ)၊ အရှင်ပညာစက္က(ရွှေမင်းဝင်)၊ အရှင်ခေမာစာရ (သစ္စဝေဒဂူ ရိပ်သာ)၊ အရှင်ဝိသုဒ္ဓ(ပိဋကတစ်ပုံဆောင်)နှင့်အရှင် ဇဋိလ (နယ်လှည့်ဓမ္မကထိက)တို့က ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရားများ ဟောကြားမည် ဖြစ်သည်။ တရားစခန်းသို့ဝင်ရောက် အားထုတ်လိုသော ယောဂီများ ဦးမြင့်ရွှေ ဖုန်း-၀၅၄-၂၁၇၀၇၊ ဦးတင့်လွင် ဖုန်း-၀၅၄-၂၁၅၅၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဆောင်းပါး၊ ဝတ္ထုနှင့်ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

**အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန လူထုအားကစားနှင့် ပညာပေးဌာနခွဲက ကြီးမှူး၍ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ဆောင်းပါး၊ ဝတ္ထုနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။**

ဆောင်းပါးနှင့် ဝတ္ထုတွင် ခေါင်းစဉ်သတ်မှတ်ထားခြင်းမရှိ၊ ဆောင်းပါးကို ဖူးစကက်(၄)မျက်နှာမှ (၆)မျက်နှာအထိလည်းကောင်း၊ ဝတ္ထုကို(၅)မျက်နှာမှ (၈)မျက်နှာအထိ လက်နှိပ်စက် (သို့မဟုတ်) ကွန်ပျူတာစာစီဖြင့် ပေးပို့နိုင်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲမှာ အနည်းဆုံး ၁၀x၁၂လက်မအရွယ်ဖြစ်ပြီး ၂၀၀၄ခုနှစ် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုကို သရုပ်ဖော် ပီပြင်ရမည်ဖြစ်သည်။

မည်သူမဆို အကန့်အသတ်မရှိ ဆောင်းပါး၊ ဝတ္ထု၊ ရောင်စုံဓာတ်ပုံများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်သူသည် အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာတို့ကို ပီပြင်စွာရေးသားဖော်ပြရန်၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အထူးတန်း အောင်ဆန်းအားကစားပြိုင်ဝင်းသို့ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၁ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၃၇၄၅၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အဘိဓမ္မာညဝါ အထူးသင်တန်း ပို့ချပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ဒုတိယအကြိမ်မြောက် ကချင်ပြည်နယ် ဖားကန့်မြို့ မြို့ဦးတောရစာသင်တိုက်၌ အဘိဓမ္မာညဝါ အထူးသင်တန်းနှင့် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် သဘာဝကျောက်ဆောင်လိုဏ်ဂူတော် ဓမ္မာရုံတွင် အခြေခံအဘိဓမ္မာ အထူးသင်တန်းတို့ကို နယ်လှည့် အဘိဓမ္မာ ညဝါသင်တန်းနည်းပြ အရှင်နန္ဒာ စရိယ(မြင်းခြံ)က စာချပွဲစဉ်အမှတ် (၉)အဖြစ် ၁၃၆၆ ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်မှ ပြာသိုလပြည့်ကျော်၃ရက်အထိ လည်းကောင်း၊ စာချ ပွဲစဉ် အမှတ်(၁၀)အဖြစ် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဟာဂန္ဓာရုံ စာသင်တိုက်၌ တပို့တွဲလဆန်း ၁ရက်မှ တပို့တွဲလကွယ်နေ့ အထိလည်းကောင်း၊ စာချပွဲစဉ်အမှတ်(၁၁)အဖြစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ဦးကျောင်း အောင်ဇေရန်အောင် ဓမ္မာရုံ၌ တပေါင်းလဆန်း ၈ရက်မှ တပေါင်းလကွယ်နေ့ အထိ လည်းကောင်း ပို့ချပေးမည်ဖြစ်ရာ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က-ပ)**



**သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုရိပ်မွန် စိန်ပန်းလမ်း အမှတ်(၃)နေ မိခင်ကြီး ဒေါ်ကြင်မိအား ရည်စူး၍ ဦးတင်ဝင်း-ဒေါ်လှလှမော် (သမီး) ဒေါ်စိန်မြင့် မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**အောက်တိုဘာ ၂၅ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ လမ်းမတော်မြို့နယ် အမှတ် (၁၀)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးခင်မောင်နှင့် ရပ်ကွက်အဖွဲ့ဝင်(၁)ဦးမောင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင်ပြန်/ဆက်)

# အောင်ပွဲရမြန်မာ့လက်ရွေးစင် မြားပစ်အဖွဲ့အား ဂုဏ်ပြု ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဂုဏ်ပြုငွေချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၀

**ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပခဲ့သည့် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် အောင်ပွဲရ မြန်မာ့လက်ရွေးစင် မြားပစ်အဖွဲ့အားဂုဏ်ပြုပွဲကို ယမန်နေ့ည ၆ နာရီခွဲက ကရဝိက်နန်းတော်တွင် ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာ့လက်ရွေးစင်မြားပစ်အဖွဲ့ အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ရေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြပြီး မြန်မာ့လက်ရွေးစင်မြားပစ်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးတင့်ဆန်းက ပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ဂုဏ်ပြုငွေချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာ့လက်ရွေးစင်မြားပစ်အားကစားသမားများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ဆက်လက်၍ အဖွဲ့ချုပ်က ချီးမြှင့်ငွေများကို အမျိုးသမီး အားကစားအဖွဲ့ ဦးဆောင်နာယကများနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ပေးအပ်ချီးမြှင့်သည်။

**(မြန်မာ့အလင်း)**

## မဟာဘုံကထိန်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ် ၂ ကျောင်းဝိုင်းစိန်ရတနာပရိယတ္တိစာသင်တိုက်(မိတ္တီလာကျောင်း)တွင် ဆရာတော်နှင့် စာချစာသင် သံဃာတော်အပါး ၁၂၀တို့အား ကျောင်းဒါယကာဒါယိကာမများက စုပေါင်းဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ်တန်ဆောင်မုန်းလဆန်း ၁၂ ရက်(နိုဝင်ဘာ ၂၃ ရက်) အင်္ဂါနေ့တွင် ကျင်းပမည်ဟု သိရသည်။

**(က-ပ)**






## ဝူရှူးတံခွန်စိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် တောင်ကိုရီးယားအသင်းရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၀ရက်မှ ၂၈ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ရန် တောင်ကိုရီးယားအသင်းသည်ယမန်နေ့မွန်းလွဲ ၁နာရီ မိနစ်၄၀က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ဝဲပုံ)**

ပြိုင်ပွဲဝင် တောင်ကိုရီးယားအသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် Mr. Kim Moon Woong ဦးဆောင်၍ အဖွဲ့ဝင် ၂၀ လိုက်ပါလာကြသည်။ ယခုပြိုင်ပွဲတွင် ထောက်လုအားကစားနည်း၌ ခုနစ်ဦး၊ ဆန်းဆိုအားကစားနည်း၌ ခုနစ်ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ထောက်လုကစားသမားများကို တရုတ်နည်းပြဆရာဖြင့်လည်းကောင်း၊ ဆန်းဆိုအားကစားသမားများကို ပြည်တွင်းနည်းပြဖြင့်လည်းကောင်းလေ့ကျင့်ပေးခဲ့သည်။ တောင်ကိုရီးယားအသင်းသည် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ယခုအကြိမ် အပါအဝင် ခြောက်ကြိမ်စလုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များလည်း ဆွတ်ခူးရရှိခဲ့သည်။ ယင်းလေကြောင်းနှင့် ပြိုင်ပွဲဝင် အီရန်အသင်းလည်း လိုက်ပါလာသည်။

ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာဝူရှူးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ဂရိတ်ဗြိတိန်မှ Mr.R.W. Smith နှင့် ပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ကြမည့် မလေးရှားနှင့် တရုတ်(တိုင်ပေ)တို့မှ ဒိုင်လူကြီးများ ရောက်ရှိခဲ့ကြသည်။

**(မြန်မာ့အလင်း)**

## မသန်စွမ်းသူများ အားကစားပြိုင်ပွဲ စီးပွား/ကူးသန်း ဗိုလ်စွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ (၁၆)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အားကစားပြိုင်ပွဲများအဖြစ် နိုဝင်ဘာ ၁၃ရက်နှင့် ၁၄ရက်တွင် ပြေးခုန်ပစ်ပြိုင်ပွဲကိုလည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် ဘော်လီဘောနှင့် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို လည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် ရေကူးနှင့်စားပွဲတင်တင်းနစ်ပြိုင်ပွဲကိုလည်းကောင်း၊ နိုဝင်ဘာ ၁၇ရက်တွင် ကြက်တောင်ရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ နိုဝင်ဘာ၁၉ ရက်တွင် ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။

ယခုနှစ်တွင် ကြက်တောင်ရိုက်အားကစားနည်းနှင့် ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲနှစ်မျိုးတိုးချဲ့ပြုလုပ်နိုင်ခဲ့ပြီး ပြည်နယ်၊တိုင်းနှင့်ဝန်ကြီးဌာန အသင်းများအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သတင်းရရှိသည်။

| စဉ် | အသင်းအမည် | ဆုတံဆိပ် | | | ရရှိအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | | |
| ၁ | စီးပွား/ကူးသန်း | ၃၀ | ၁၇ | ၁၁ | ၁ | ပထမတံခွန်စိုက်ဒိုင်း |
| ၂ | ကာကွယ်ရေး | ၁၃ | ၂၆ | ၂၉ | ၂ | |
| ၃ | လူမှုဝန်ထမ်း | ၁၃ | ၉ | ၉ | ၃ | |
| ၄ | မန္တလေးတိုင်း | ၁၂ | ၁၄ | ၂၃ | ၄ | |
| ၅ | လယ်/ဆည် | ၁၁ | ၆ | ၂ | ၅ | |
| ၆ | မြို့တော်စည်ပင် | ၁၀ | ၈ | ၃ | ၆ | |
| ၇ | ကျန်းမာရေး | ၇ | ၇ | ၁၀ | ၇ | |
| ၈ | စက်မှု(၁) | ၆ | ၉ | ၂ | ၈ | |
| ၉ | ဧရာဝတီတိုင်း | ၄ | ၂ | ၅ | ၉ | |
| ၁၀ | ခဝဲခြံ | ၃ | ၆ | ၆ | ၁၀ | |
| ၁၁ | မွေး/ရေ | ၁ | ၂ | ၃ | ၁၁ | |
| ၁၂ | မီးရထား | ၁ | ၂ | ၂ | ၁၂ | |
| ၁၃ | သတ္တုတွင်း | ၁ | ၁ | ၂ | ၁၃ | |
| ၁၄ | ဘဏ္ဍာ/အခွန် | – | ၂ | ၁ | ၁၄ | |
| ၁၅ | ကရင်ပြည်နယ် | – | ၁ | – | ၁၅ | |

**(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲယှဉ်ပြိုင်

**လန္ဒန် နိုဝင်ဘာ ၁၈**

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို နိုဝင်ဘာ ၁၇ရက်က ပြန်လည်ကျင်းပခဲ့ရာ ကမ္ဘာ့ဇုန် အသီးသီးမှ အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဥရောပဇုန်တွင် စုစုပေါင်းအုပ်စုရှစ်စုရှိရာမှ အုပ်စု(၅)နှင့်(၆)မှလွဲ၍ ကျန်အုပ်စုများကစားခဲ့ရာ ဟော်လန်၊ ချက်၊ ယူကရိန်းနှင့် ပေါ်တူဂီအသင်းတို့ နိုင်ပွဲများရရှိခဲ့ကြပြီး ဂျော်ဂျီယာနှင့် ဒိန်းမတ်တို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

### လတ်ဆင်းဘတ်နှင့် ပေါ်တူဂီ

ဥရောပဇုန်အုပ်စု(၃)မှ လတ်ဆင်းဘတ်နှင့် ပေါ်တူဂီတို့ပွဲတွင် အဝေးကွင်း၌ ပေါ်တူဂီတို့ကစားကွက်အသာ၊ ခြေအသာဖြင့် ဂိုးပြတ်သွင်း၍ နိုင်ပွဲရခဲ့သည်။ ပေါ်တူဂီအသင်းသည် အသင်းလိုက်စုစည်းမှုအားကောင်းပြီး ရှေ့တန်းမှ ပေါ်လက်တာ၊ ရိုနယ်ဒိုနှင့် မန်နစ်ချ်တို့ ခြေပေါ်အောင် ကစားနိုင်ခဲ့ကြသည်။ ပေါ်တူဂီတို့တစ်ဖက်သတ် ထိုးဖောက်မွှေနှောက်ကစားရာ လတ်ဆင်းဘတ်တို့ ကစားကွက်တည်မရဘဲရှိခဲ့သည်။ ပွဲချိန်၁၁မိနစ်တွင် ပေါ်တူဂီအတွက် ဘိုအာမော်တီက အဖွင့်ဂိုးသွင်းယူပြီး ၂၈မိနစ်တွင်ထောင့်ကန်ဘောမှတစ်ဆင့် ရိုနယ်ဒိုက ခေါင်းတိုက်သွင်းယူခဲ့သည်။ ပေါ်တူဂီတို့ဆက်တိုက်ဖိကစားနိုင်ခဲ့ရာမှ ၅၁မိနစ်တွင် မန်နစ်ချ်က ပေါ်တူဂီအတွက် တစ်ဂိုးနှင့် ၆၇မိနစ်နှင့် ၈၃မိနစ် တို့တွင် ပေါ်လက်တာက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ပေါ်တူဂီတို့အဝေးကွင်း၌ပင် ငါးဂိုးပြတ် အောင်ပွဲခံနိုင်ခဲ့သည်။

### တူရကီနှင့်ယူကရိန်း

ဥရောပဇုန်အုပ်စု(၂)မှ အသင်းများဖြစ်ပြီး တူရကီကွင်း၌ပင် ယူကရိန်းတို့ သုံးဂိုးပြတ်သွင်းယူပြီး အနိုင်ယူခဲ့သည်။ တူရကီခြေစွမ်းမှာ ပျက်လျက်ရှိရာ နားလည်မှုလွဲမှားပြီး ဘောလုံး ပေးပို့မှုများလည်း အပိုအလိုဖြစ်လျက်ရှိသည်။ ယူကရိန်းတို့ကစားကွက် တည်ကစားနိုင်ပြီး တိုက်စစ်ဆင်နိုင်ခဲ့သဖြင့် ၉မိနစ်တွင် အိုလက်ရှုဆက်ဗ်က တစ်ဂိုး၊ ၁၇မိနစ်တွင် ယူကရိန်း တိုက်စစ်မှူး ရှက်ချင်ကိုက တစ်ဂိုး၊မိနစ် ၉၀တွင် ရှက်ချင်ကိုကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ယူကရိန်းတို့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**မက် ဆီ ဒိုး နီး ယား နှင့် ချက်အသင်းတို့ ပြိုင် ပွဲ တွင် ချက် အသင်း မှ မီလန်ဘားရို့စ် ထိုး ဖောက် ကစားစဉ်။**

**(ဓာတ်ပုံ- အင်တာနက်)**



### မက်ဆီဒိုးနီးယားနှင့်ချက်

ဥရောပဇုန်အုပ်စု(၁)မှ မက်ဆီဒိုးနီးယားတို့ အိမ်ကွင်း၌ပင် ချက်အသင်းကို ရှုံးခဲ့ရသည်။ ချက်အသင်းကစားကွက်တည်ငြိမ်ပြီး ယန်ခိုလာ၊ ပိုဘောစကီးနှင့် ရိုဆစ်စကီးတို့အတွဲညီစွာ ကစားနိုင်ခဲ့သော်လည်း မက်ဆီဒိုးနီးယားတို့က ချက်တိုက်စစ်မှူးများကို ဟန့်တားနိုင်ခဲ့သဖြင့် ၈၈မိနစ်ရောက်မှသာ လိုဗန့်စ်ကချက်အတွက် ဗွေဆော်ဦးဂိုးကို သွင်းပေးနိုင်ခဲ့သည်။ မိနစ်၉၀တွင် ယန်ခိုလာကခေါင်းတိုက်သွင်းယူပြီး တစ်ဂိုးရယူခဲ့သဖြင့် ချက်တို့နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**အခြားပွဲများ**

**ဥရောပဇုန်အုပ်စု(၁)**

| | | | | |
|---|---|---|---|---|
| အင်ဒိုရာ | ၀ | – | ဟော်လန် | ၃ |
| အာမေးနီးယား | ၁ | – | ရိုမေးနီးယား | ၁ |

**အုပ်စု (၂)**

| | | | | |
|---|---|---|---|---|
| ဂျော်ဂျီယာ | ၂ | – | ဒိန်းမတ် | ၂ |
| ဂရိ | ၃ | – | ကာဇက်စတန် | ၁ |

**အုပ်စု (၃)**

| | | | | |
|---|---|---|---|---|
| လီချင်စတိန်း | ၁ | – | လတ်ဗီးယား | ၃ |
| ရုရှား | ၄ | – | အက်စတိုးနီးယား | ၀ |

**အုပ်စု (၄)**

| | | | | |
|---|---|---|---|---|
| ဆိုက်ပရပ်စ် | ၁ | – | အစ္စရေး | ၂ |

**အုပ်စု (၇)**

| | | | | |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | ၀ | – | ဆာဘီးယား | ၂ |

**အုပ်စု (၈)**

| | | | | |
|---|---|---|---|---|
| မော်လ်တာ | ၀ | – | ဟန်ဂေရီ | ၂ |

**(အင်တာနက်)**



ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကျိုင်းကာလမ်း ကျေးလက် ကျောက်ချောခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၃ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## ပန်းတနော်မြို့နယ် ခွာညို-ယုဇနလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး စစ်ဆေး

ပန်းတနော် နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေတို့သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ခွာညို-ယုဇနလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုနှင့် ကျောက်ခွဲစက်ဖြင့် ကျောက်များခွဲစိတ်မှုတို့ကို ကွင်းဆင်းစစ်ဆေးသည်။



ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် တာဝန်ရှိသူများအား မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က လိုက်လံ ရှင်းလင်းပြသကြသည်။ (ယာပုံ) (၃၂၇)

## ကိုယ့်အားကိုယ်ကိုး ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်

နောင်တရား နိုဝင်ဘာ ၃

**ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် နမ်းပုလင်းကျေးရွာအုပ်စု သစ်ပင်မဲရွာ ကိုယ့်အားကိုယ်ကိုး ပညာအလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က အဆိုပါကျေးရွာရှိ တောင်သူများ ဝင်ငွေတိုးအဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်လှမောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စာအုပ်နှင့် စာစောင်များ လှူဒါန်းရခြင်းများ ရှင်းလင်းပြောကြားသည်။

### လက်ခံရယူ

ဆက်လက်၍ မြို့နယ် အုပ်ချုပ်ရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးခွန်ကံကြီး၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးခင်ဇော်နှင့် မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းတို့က စာအုပ်မျိုးစုံကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးခွန်လှမောင်ဌေးက စာအုပ်မျိုးစုံ ၈၇ အုပ်ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူကြသည်။ (၃၆၉)

## ကျေးလက်တာဝန်ခံများ စက်ရေတွင်းထိန်းသိမ်းရေး သင်တန်းဖွင့်

နွားထိုးကြီး နိုဝင်ဘာ ၅

နွားထိုးကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ကျေးလက်တာဝန်ခံများ စက်ရေတွင်းထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးက စက်ရေတွင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စက်ရေတွင်းများ ထိန်းသိမ်းရေးသင်တန်း ပို့ချခြင်းနှင့် စက်များအား သရုပ်ပြတပ်ဆင်ခြင်းတို့ကို လက်တွေ့ပြသခြင်းများကို ဆောင်ရွက်ကြသည်။ (၂၁၃)

## ကျေးရွာစာကြည့်တိုက်ဖွင့်

**ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းကြီးကျေးရွာ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဌေးလွင်နှင့် ကျေးရွာဥက္ကဋ္ဌ နော်ဝါးရှားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)



## ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

## သတ်မှတ်လမ်းအကျယ် ကွင်းဆင်းတိုင်းတာ

**တောင်သာ နိုဝင်ဘာ ၄**

မြို့ရွာများ အမြန်ဆုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးသည် တောင်သာ မြို့နယ် မင်းကြီးစံပြကျေးရွာသို့ အောက်တိုဘာ ၈ ရက်က သွားရောက်၍ ကျေးရွာသန့်ရှင်းရေး၊ လမ်းသစ်ဖောက်လုပ်ရေးနှင့် လမ်းဟောင်းများ သတ်မှတ်ထားသည့် အကျယ်ပေတို့ကို ကွင်းဆင်းစစ်ဆေး တိုင်းတာ ဆောင်ရွက်ကြသည်။ **(အောက်ပုံ) (၂၁၂)**

## စက်ရေတွင်းများပြုပြင်ထိန်းသိမ်းရေး အခြေခံသင်တန်းဖွင့် ထိန်းသိမ်းစောင့်ရှောက်ပုံ နည်းစနစ်များ စာတွေ့လက်တွေ့ သရုပ်ပြ

ချောက် နိုဝင်ဘာ ၈

**ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ကျေးလက်ဒေသ စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး အခြေခံသင်တန်း(၁/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

### ရှင်းလင်းပြောကြား

အစည်းအဝေးတွင် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

### လက်တွေ့သရုပ်ပြ

ထို့နောက် အင်ဂျင်နီယာ ဦးမျိုးမင်းသန်းက ဒီဇယ်အင်ဂျင်မောင်းနှင်ကိုင်တွယ်ပုံနှင့်ထိန်းသိမ်းစောင့်ရှောက်ပုံနည်းစနစ်များကိုစာတွေ့လက်တွေ့ သရုပ်ပြသကြသည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**



## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



## ကြိုးတံတားဆောက်ရန် မြေနေရာ မြို့နယ်ဥက္ကဋ္ဌ စစ်ဆေး

**မိုးကောင်း နိုဝင်ဘာ ၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့သည် အောက်တိုဘာ ၁၈ ရက်က မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာအုပ်စုနှင့် သူဌေးကုန်းကျေးရွာအုပ်စုတို့ကို ဆက်သွယ်ပေးမည့် နမ္မတီးချောင်းကူးကြိုးတံတားတည်ဆောက်ရန် ချောင်းကမ်းဘေး ဝဲယာမြေနေရာများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သောပစ္စည်းများ အချိန်မီစုဆောင်းထားရှိရေးနှင့် အမြန်ဆုံး လုပ်ငန်းစတင်အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ကြသည်။ (၄၁၆)

## မိတ္ထီလာမြို့ ဝမ်းတော်ပြည့်စေတီတော် ဆီမီး၊ပန်း၊ ရေချမ်း ပူဇော်ပွဲကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၄**

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် ဝမ်းတော်ပြည့်ကျောင်းတိုက်အတွင်းရှိ ဝမ်းတော်ပြည့်စေတီတော်၏ ရင်ပြင်တော်၌ (၁၉)ကြိမ်မြောက် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ပူဇော်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ စတင်၍ ဝမ်းတော်ပြည့် ဒုတိယမြောက်ဆရာတော်ဘဒ္ဒန္တ ဇနိတ(သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိ ပါရဂူ)ဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတော်ဘဒ္ဒန္တ ဝံဂီသ(ဓမ္မာစရိယ) တို့ ဦးဆောင်၍ ကျင်းပပူဇော်မည်ဖြစ်ရာ ဆီမီး၊ ပန်း၊ ရေချမ်း ပူဇော်နိုင်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



**လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။** (က-ပ)

## ကော့သောင်းမြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာ ဘောလုံးပြိုင်

**ကော့သောင်း နိုဝင်ဘာ ၁၀**

ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာ ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်က ရန်ကြီးအောင်အားကစားကွင်းတွင် ကျင်းပသည်။

### ဆုများပေးအပ်

အခမ်းအနားတွင် ရပ်ကွက်အသင်းများတွင် ပထမဆုကို ဘုရင့်နောင်ရပ်ကွက် ဘောလုံးအသင်းနှင့် ဒုတိယဆုကို အေးရိပ်ငြိမ်ရပ်ကွက်အသင်းတို့ကရရှိပြီး ကျေးရွာအသင်းများတွင် ပထမဆုကို ရွှေပြည်စိုးကျေးရွာ ဘောလုံးအသင်းနှင့် ဒုတိယဆုကို ပူလုံးတုံတုံးကျေးရွာ ဘောလုံးအသင်းတို့က ရရှိသဖြင့် ဆုများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးနှင့် မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီး ထွန်းဟန်ဝင်းတို့က ပေးအပ် ချီးမြှင့်ကြသည်။ **(၃၈၉)**

## မွန်ပြည်နယ်တရားသူကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်တရားသူကြီးများ လုပ်ငန်းညှိနှိုင်းစည်းဝေး၊ အမှုလက်ကျန်များ ကျဆင်းရေး မှာကြား

မော်လမြိုင် နိုဝင်ဘာ ၁၂

**မွန်ပြည်နယ်တရားသူကြီးနှင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၆ ရက်က မော်လမြိုင်မြို့ ပြည်နယ်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**မောင်တောခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများ၏ ၂၀၀၄-၂၀၀၅ ခုပညာသင်နှစ်၊ ပညာသင်စရိတ် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးဘမြင့်(ငြိမ်း)က အလယ်တန်းအဆင့်ပညာသင်ကျောင်းသား ကျောင်းသူ ၂၃ ဦးတို့အား ပညာသင်စရိတ်ပေးအပ်စဉ်။** (ခရိုင်ပြန်/ဆက်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ်တရားသူကြီးဦးလှဝင်းက အမှုလက်ကျန်များလျော့နည်းကျဆင်းရေး၊ မှန်မှန်မြန်မြန်စစ်ဆေးရေး တရားရုံးချုပ်၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရေး၊ တရားရုံးများ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်ကြစေရေး ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြားချက်များအပေါ် တက်ရောက်ခဲ့သည့် တရားသူကြီးများ၏ မေးမြန်းဆွေးနွေးတင်ပြချက်များအား မွန်ပြည်နယ်တရားသူကြီး ဦးလှဝင်းက ဖြည့်စွက်ညှိနှိုင်းဆွေးနွေးမှာကြားသည်။ **(၁၆၈)**

## ကျေးလက်သောက်သုံးရေရရှိရေး နှစ်လက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်

**ရေနံချောင်း နိုဝင်ဘာ ၁၄**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ထန်းပင်ကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်း ပေ ၄၀၀အနက် တူးဖော်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၄ ရက်က ဆောင်ရွက်ကြသည်။ **(ယာပုံ)**

လုပ်ငန်းဆောင်ရွက်မှုသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် လက်ထောက်အင်ဂျင်နီယာဦးဇော်မြင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ အဆိုပါ စက်ရေတွင်းမှာတစ်နာရီလျှင်ရေဂါလန်၇၀၀ နှုန်းထွက်ရှိလျက်ရှိကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**



## ရွှေဘို မြို့မဈေးအတွင်း ကွန်ကရစ်လမ်းခင်း

**ရွှေဘို နိုဝင်ဘာ ၈**

ရွှေဘိုမြို့ မြို့မဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် သန့်ရှင်းကောင်းမွန်၍ ကျန်းမာရေးနှင့် ညီညွတ်သော ကုန်ပစ္စည်းများရောင်းဝယ်ဖောက်ကားနိုင်ရေး အတွက် ဈေးတွင်းလမ်းများအား ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကွန်ကရစ်ရေမြောင်းများပြုလုပ်ခြင်း လုပ်ငန်းများကို အောက်တိုဘာ၁၀ရက်က ဈေးရုံအမှတ်(၁၄)နှင့်(၁၅)ကြားလမ်းတွင် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဈေးအကျိုးတော်ဆောင် အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် စည်ပင်)**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ ဗန်းမော်မြို့၌ ကျင်းပ

**ဗန်းမော် နိုဝင်ဘာ ၁၂**

ကသာခရိုင် ဗန်းမော်မြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဝတ်စုံစရိတ်ထောက်ပံ့

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က နှစ်ပတ်လည်နေ့နှင့် ပတ်သက်သည့်အချက်များ ရှင်းလင်းပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် သင်တန်းအပတ်စဉ် (၃/၂၀၀၄)တွင် ထူးချွန်ဝန်ထမ်းများ၊ ဌာနဝန်ထမ်းသားသမီးများမှ ပညာရေးတွင်ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် မိသားစု ထိန်းသိမ်းရေးကော်မတီဝင်များအား ဝတ်စုံစရိတ်ထောက်ပံ့ခြင်းများ ပြုလုပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးလက် သတင်းနှင့် မြင်ကွင်း

## စပယ်ဖြူစာကြည့်တိုက်ဖွင့်၊ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

**သာစည် နိုဝင်ဘာ ၄**

သာစည်မြို့နယ် နှမ်းကန်ကျေးရွာအုပ်စု နှမ်းကန်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စပယ်ဖြူစာကြည့်တိုက် ဖွင့်ပွဲကို အောက်တိုဘာ၂၇ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညီညီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

### လက်ခံရယူ

ဆက်လက်၍ အလှူရှင်များက တန်းလျားတစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ စာအုပ်နှင့် ဂျာနယ်မျိုးစုံ ၃၂၈ အုပ်၊ ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ ခတ်ပုံမှတ်တမ်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီက လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**



**နိုဝင်ဘာ ၂ ရက်က လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမက်အာသာနှင့် တာဝန်ခံအင် ဂျင် နီ ယာ ဦးမြင့်စိုးတို့က ဒေါင့်ကြီးညောင်ပိုင်း ကျေးလက်ကျောက် ချောလမ်းအတွက် ကျောက်များစုဆောင်းခြင်းနှင့် ထုခွဲထားရှိမှုကို ကြည့်ရှုပြီး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

### ကြည့်ရှုစစ်ဆေး

**အောက်တိုဘာ ၁၇ ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ဗောဓိလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာရေပိတ်လွှာ လောင်းခြင်းအတွက် ကျောက်စုဆောင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ် စည်ပင်)



ရွှေနန်းခြံ [illegible]
(၁၅)ကြိမ်မြောက် [illegible]



[illegible]

ပြည်သိမ်ဘုရား [illegible]



**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**သံသုမာလမ်း၊ မြင်သာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

**ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်စစ်ဆေးရေးဌာနအတွက် အောက်ဖော်ပြပါ စက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Exhaust Emission Tester 2 No
(ခ) Brake Tester 1 No
(ဂ) Lighting Tester 1 No
(ဃ) Side Slip Tester 1 No
(င) Noise Tester 2 No

**ချိပ်ပိတ်တင်ဒါရက်နှင့်အချိန်** ၇-၁၂-၂၀၀၄ နေ့၊ ၁၅:၀၀ နာရီ
**ချိပ်ပိတ်တင်ဒါ ဖွင့်ဖောက်မည့်ရက်နှင့်အချိန်** ၁၀-၁၂-၂၀၀၄ နေ့၊ ၁၃:၀၀ နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံကို အောက်ဖော်ပြပါဌာနတွင် ၂၂-၁၁-၂၀၀၄ နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**အင်ဂျင်နီယာမှူးကြီး**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**သံသုမာလမ်း၊ မြင်သာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၅၇၃၁၁၀။**



**ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)ကထိန်သင်္ကန်းနှင့်**
**သက်ကြီးပူဇော်ပွဲ**

ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ၂၆-၁၁-၂၀၀၄ ရက် တန်ဆောင်မုန်းလပြည့်(သောကြာနေ့) နံနက်(၈)နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ မင်းကျောင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်သူ/မြို့နယ်သားများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကိုလည်းလှူဒါန်းနိုင်ပါသည်။**

**အမှုဆောင်အဖွဲ့။**



အ.ထ.က(၃) [illegible]
[illegible]



အမြဲန်အလိုရှိသည် [illegible]



**ဒိုင်းမွန်းအချိုရည်နှင့် ရေခဲစက်**
**၁၁၇၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်**
**ချိပ်ပိတ်တင်ဒါအမှတ်(၂/၂၀၀၄-၂၀၀၅)**

**ရောင်းချမည့်ပစ္စည်းများ** - ဓာတုဗေဒပစ္စည်း ၁၅ မျိုး
**တင်ဒါပေးသွင်းရမည့်ဌာန** - စီမံရေးဌာန
**တင်ဒါပိတ်မည့်နေ့/အချိန်** - ၂၀၀၄ခုနှစ် နိုဝင်ဘာလ ၂၄ရက် ၁၃:၀၀ နာရီ

အသေးစိတ်သိလိုသောအချက်များကို စီမံရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

**စက်ရုံမှူး။**



TOP 243363 705877
[illegible]



**အမည်ပြောင်း**

ဦးစောလှ-ဒေါ်လှမေတို့၏ သမီး အလက၊ မြို့မကျောက်တော် ဆဋ္ဌမတန်း(က)မှ မလှပြေခိုင်အား မယဉ်ယဉ်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မယဉ်ယဉ်ခိုင်။**



ရန်ကုန် [illegible]
[illegible]

Excel Treasure Hotel (10th Floor)
[illegible]

Address Book [illegible]


# Qayamat အိန္ဒိယဇာတ်ကားသစ် ရုံဝင်လာ ပြသဆဲဇာတ်ကားများ ဆက်လက်ပြသလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

**ယခုသောကြာပတ်တွင် မြန်မာ ဇာတ်ကားသစ်များ ရုံဝင်လာခြင်း မရှိဘဲ ရုံတင်ထားဆဲ ဇာတ်ကားများ ဆက်လက် ပြသလျက်ရှိသည်။**

## ပန်းဒဏ္ဍာရီ

ဝတ္ထုဇာတ်ညွှန်း မြို့တော်မောင်ယဉ်အောင် ပြုစုပြီး ဒါရိုက်တာဟိန်းစိုး ရိုက်ကူးသည့် ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနုနှင့် စိုးမြတ်နန္ဒာတို့ ခေါင်းဆောင်ပါဝင်ထားသော **ပန်းဒဏ္ဍာရီ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

အတိတ်ကမထင်မှတ်သောဖြစ်ရပ်တစ်ခုကြောင့် အင်ကျင်ရွှာသူလေး မသူဇာသည် တစ်စုံတစ်ယောက်အပေါ် နာကြည်းမုန်းတီးကာ အငြိုးအတေးထားခဲ့ပြီး သမီး၏ချစ်သူမှာ မိမိ မုန်းတီးခဲ့ရသောသူ၏ သားဖြစ်ကြောင်း သိလိုက်ရသောအခါ မသူဇာတစ်ယောက် မည်ကဲ့သို့ တုံ့ပြန်မှုပေးသလဲဆိုတာကို နာကြည်းကြေကွဲလွမ်းဆွတ်ဖွယ် ဒဏ္ဍာရီဆန်ဆန်ရိုက်ကူးထားသော ဇာတ်ကားကောင်း တစ်ကား ဖြစ်သည်။

## Spider Man 2

နေပြည်တော်ရုံတွင် အက်ရှင်သိပ္ပံဇာတ်ကားဖြစ်သော Spider Man 2 ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။

## Pearl Harbor

ရှေ့ဆောင်ရုံတွင် Michaeal°Bay ရိုက်ကူးပြီး Ben Affleck Josh Hartnett နှင့် Kate Backinsale တို့ပါဝင်သော Pearl Harbor ဇာတ်ကားရုံဝင်လာသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ၇ ရက်နေ့တွင် ဂျပန်လေယာဉ်များက ပုလဲဆိပ်ကမ်းရှိရာသို့ ဦးတည်ပျံသန်းလာကြပြီး လျှပ်တစ်ပြက် အမေရိကန် စစ်သင်္ဘောနှင့် လေယာဉ်



**Pearl Harbor ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။**



**Qayamat ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။**

## ရုပ်ရှင် သတင်းထောက်

အခြေစိုက်စခန်းများကို ဖျက်ဆီးခဲ့ကြရာ အမေရိကန် လေသူရဲများက ပြန်လည်ခုခံတိုက်ခိုက်ပုံကို အသားပေးရိုက်ကူးထားသော ဇာတ်ကားကောင်း တစ်ကား ဖြစ်သည်။

## ဖွလ်မီဇာတ်ကား

ရွှေဂုန် အဆင့်မြင့်ရုပ်ရှင်ရုံတွင် သရုပ်ဆောင်မင်းသား အရှေကူးမာရ်နှင့် မင်းသမီး တွမ်ကလပ်ခန်နားတို့ ခေါင်းဆောင်ပါဝင်ထားသော ဖွလ်မီ ဇာတ်ကား ရုံဝင်လာသည်။



**ပန်းဒဏ္ဍာရီဇာတ်ကားမှ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်ဟန်။**

အလီနှင့်အာဘတ် ခေါင်းဆောင်သောအကြမ်းဖက်အဖွဲ့က အခွင့်အရေးတောင်းဆိုပြီး ထိုအခွင့်အရေးအား မလိုက်လျောလျှင် မြို့သူမြို့သားများ သောက်သုံးရေထဲသို့ ဗိုင်းရပ်စ်ပိုးလွှတ်မည်ဟု ခြိမ်းခြောက်သဖြင့် လူဆိုးကြီး **သူရာချစ်** ပါဝင်ပြီး အတ်ကရမ်းရိုတ် ခေါင်းဆောင်သော ကွန်မန်ဒို ၁၀ ဦး အဖွဲ့ကိုဖွဲ့ခဲ့သည်။ အကြမ်းဖက်အဖွဲ့နှင့် အထူးကွန်မန်ဒိုအဖွဲ့တို့ တိုက်ခိုက်ချေမှုန်းပုံကို သည်းထိတ်ရင်ဖိုဖွယ် ရိုက်ကူးထားသော အကယ်ဒမီဆုရ **QAYAMAT** ဇာတ်ကား မြို့မ ရုပ်ရှင်ရုံတွင် တင်ဆက် ပြသထားသည်။ **(မြန်မာ့အလင်း)**

# ငါရေးတဲ့ ပူးစာ ဇာတ်ကား နဝဒေးရုပ်ရှင်ဥယျာဉ်ရုံတွင်ပြသ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ဆုဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ဒါရိုက်တာခင်စောမျိုး ရိုက်ကူးပြီး ကျော်သူ၊ ရာဇာနေဝင်း၊ ပုလဲဝင်း၊ အရိုင်း၊ ညီကျော်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **ငါရေးတဲ့ပူးစာ** ဇာတ်ကား နဝဒေးရုပ်ရှင်ဥယျာဉ်တွင် ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ဒုတိယနေ့

## ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ဒုတိယနေ့ကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပပြီး ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများကို ကျင်းပသည်။**

### အစုအဖွဲ့အမှတ်(၁)

ထိုသို့ကျင်းပကြရာတွင် စည်းရုံးရေးကဏ္ဍအစုအဖွဲ့အမှတ်(၁)၏ နှီးနှောဖလှယ်ပွဲကို ဘုရင့်နောင်ခန်းမ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းညွန့်၊ သူရဦးမြင့်မောင်နှင့် ဦးသိန်းအောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်ရီရီဆွေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းခင်လှညွန့်တို့က ဆောင်ရွက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ ***



**မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကဏ္ဍနှီးနှောဖလှယ်ပွဲ**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ဒုတိယနေ့တွင် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးကဏ္ဍ နှီးနှောဖလှယ်ပွဲကျင်းပစဉ်။** (သတင်းစဉ်)

## ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

**နိုဝင်ဘာ ၁ရက်က ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင် ခင်းကျင်းပြသမည့် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်များပြပွဲကို ခေတ္တတပ်နယ်မှူး ဗိုလ်မှူးမောင်မောင်ခိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးညွန့်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ဝ၄၈)



## ကျေးရွာအရောက် ရေအားလျှပ်စစ်ပေးနိုင်ပြီ

**တမူး နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စစ်ကိုင်းတိုင်း တမူးမြို့၌ ရွှေပြည်သာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံကို နိုဝင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ တမူးမြို့ ရွှေပြည်သာရေအားလျှပ်စစ်စက်ရုံသည် လျှပ်စစ်ဓာတ်အား ကီလိုဝပ်၅၀ ထုတ်လုပ်နိုင်ပြီး အိမ်ခြေ ၃၀၀ သို့ နေ့စဉ်၂၄နာရီ လျှပ်စစ်မီးပေးဝေနိုင်ကာ ကီလိုဝပ်၁၀၀အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## သန့်ရှင်းသောသောက်သုံးရေရရှိရေး မိုးကောင်းမြို့နယ်၌ စက်ရေတွင်းတူးဖော်

**မိုးကောင်း နိုဝင်ဘာ ၁၅**

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက် ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ၁ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် တွင်းတူးစက်ဖြင့်လေးလက်မစက်ရေတွင်းများတူးဖော်မှု အခြေအနေများကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမြင့်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးကြီးကြပ်ပေးခဲ့ရာ သန့်ရှင်းသော သောက်သုံးရေများထွက်ရှိလျက်ရှိကြောင်း သိရသည်။ (**အပေါ်ပုံ**) (၄၁၆)

## ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားစေရေး ငပုတောမြို့နယ်၌ စာကြည့်တိုက်များဖွင့်

**ငပုတော နိုဝင်ဘာ ၂၀**

ပုသိမ်ခရိုင် ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တောင်ကလေးကျေးရွာတွင် ကျေးလက်နေပြည်သူများ ဗဟုသုတတိုးပွားစေရေး **'ပညာအမွေ'** ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို နိုဝင်ဘာ ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးကံကောင်း၊ တောင်ကလေး ရေကင်းတာဝန်ခံဦးအောင်မျိုးလွင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** **စာမျက်နှာ ၁၁ ကော်လံ ၃ ■**



21-11 (20).p65 1 3/23/05, 4:48 PM